# ကြေးမုံ
The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

**လောကဝဂ်(ဓမ္မပဒ-၁၇၃)**


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် အင်္ဂါနေ့။ Tuesday, 7 April 2026 ၁၂၁၄၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍





ကြေးမုံ

# ဒီမိုကရေစီနိုင်ငံတော်သစ်ကို တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် လွတ်လပ်ရေးရပြီးချိန်ကတည်းက နိုင်ငံရေးလှိုင်းတံပိုးရိုက်ခတ်မှု အခက်အခဲမျိုးစုံကြားမှ ကြမ်းတမ်းစွာဖြတ်သန်းလာခဲ့ရသည်။ ခေတ်အဆက်ဆက်အစိုးရများက နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိုကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အဖျက်အမှောင့်အမျိုးမျိုးတို့ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လမ်းခင်းပုံဖော်ပေးခဲ့ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါတီ၏ မဲမသမာမှုများနှင့် နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကိုရယူပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ်ကို ပြန်လည်တည့်မတ် ဖော်ဆောင်ပေးရေးစသည့် လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်ကာလသတ်မှတ်ပြီး စိန်ခေါ်မှုမျိုးစုံနှင့်အခက်အခဲများကြားမှ နိုင်ငံကို ပြန်လည်တည်ဆောက်ခဲ့သည်။ ထိုသို့တည်ဆောက်ရာတွင် ကမ္ဘာနှင့်တစ်ဝန်း ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို စတင်ရင်ဆိုင်ခဲ့ရပြီး တစ်ဆက်တည်းပင် အမှား၊ အမှန် အကောင်းအဆိုးမသိ၊ အဖျက်အမှောင့်ပယောဂများကို အခြေခံသည့် ဆူပူအကြမ်းဖက်မှုများ တစ်နိုင်ငံလုံး ပျံ့နှံ့ဖြစ်ပေါ်ခဲ့သည်။ "တောမီးလောင်၊ တောကြောင် လက်ခမောင်းခတ်"၊ "ပွဲလန့်တုန်းဖျာခင်း"လိုသည့် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်အဖွဲ့အစည်းများက မီးလောင်ရာလေပင့်ပြီး အကြမ်းဖက်မှုများကို ဝိုင်းဝန်းဖော်ဆောင်ခဲ့သဖြင့် နိုင်ငံနှင့်ပြည်သူ ဆင်းရဲဒုက္ခမျိုးစုံ ရောက်ခဲ့ကြသည်။

တစ်ဆက်တည်းပင် ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းနှင့် ၂၀၂၅ ခုနှစ်တွင် အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီးစသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ဆက်တိုက်တွေ့ကြုံခံစားခဲ့ရသည်။ ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများနှင့် အင်အားကြီးမားသည့် သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတော်နှင့်ပြည်သူ ထိခိုက်ဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်စပြုနေသည့်အရှိန်အဟုန် ရပ်တန့်သကဲ့သို့ ဖြစ်ခဲ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ဦးမော့လာရေးတို့ကို ကြိုးပမ်းရုန်းကန်ဆောင်ရွက်ခဲ့သည်။

ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ချီးမြှင့်ခြင်းအခမ်းအနားကို မေ ၅ ရက်က ကျင်းပပြုလုပ်ခဲ့ရာ ရွေးချယ်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မိမိတို့တာဝန်ယူခဲ့သည့် ၅ နှစ်တာကာလအစအဆုံးတွင် ပေးအပ်သည့်တာဝန်များကို သစ္စာရှိရှိဖြင့် ကျေပွန်အောင်ကြိုးစားထမ်းဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်လည်း မကြာမီရက်ပိုင်းအတွင်း၌ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်မည့် အစိုးရသစ်ကို သင့်တင့်ကောင်းမွန်သည့် အခြေခံများဖြင့် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်၊ အစိုးရနှင့်ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစားအသိအမှတ်ပြုကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်ကို ချမှတ်ပေးထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရသည်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ သာမန်အချိန်၌ပင် မလွယ်ကူသည့်တာဝန်များကို ၅ နှစ်တာကာလအတွင်း အခက်အခဲမျိုးစုံကြားမှ လုပ်ဆောင်ရခြင်းသည် ပိုမိုခက်ခဲကြမ်းတမ်းသည်။ မည်သည့်လုပ်ငန်းတွင်မဆို ခေါင်းဆောင်မှုသည် အလွန်အရေးကြီးသည်။ ယခုရွေးချယ်တင်မြှောက်ခံရသည့် နိုင်ငံတော်သမ္မတကြီးသည် ၅ နှစ်တာကာလ၏ အခက်အခဲများ၊ အန္တရာယ်များ၊ အကျပ်အတည်းများကို ကောင်းစွာသိရှိနားလည်ပြီး သစ္စာရှိသည့် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ရိုးရိုးသားသား၊ တက်တက်ကြွကြွ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်၏အနာဂတ်ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်နိုင်မည့် ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏သမိုင်းတွင် နိုင်ငံ၏ အန္တရာယ်ရန်စွယ်ကျရောက်မည့် အချိုးအကွေ့တစ်ခုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပြီး နိုင်ငံကို မူလရည်မှန်းသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်တည့်မတ်လွှဲပြောင်းပေးနိုင်ခဲ့သည့် သမိုင်းမော်ကွန်းတစ်ခုကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ရာ ၅ နှစ်တာကာလအတွင်း နိုင်ငံတော်ကို အကောင်းဆုံးဖြစ်အောင် အခက်အခဲမျိုးစုံကြားမှ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ အနာဂတ်နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ရာတွင်လည်း အတွေ့အကြုံအမြော်အမြင်ပြည့်ဝစွာ အကောင်းဆုံးထမ်းဆောင်နိုင်သည့် ခေါင်းဆောင်သစ်နှင့်အတူ ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ်(၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁) ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲမမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။

(ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ) ထက် ပိုမိုတင်ဆောင် မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ် စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ၆ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၀၀၀ | ၅၅၇ | ၇,၂၄၁,၀၀၀ |
| MTSH | ၆,၁၀၀ | ၆,၂၀၀ | ၆,၇၉၅ | ၄၁,၇၀၉,၀၀၀ |
| MCB | ၉,၂၀၀ | ၉,၃၀၀ | ၃၃ | ၃၀၄,၇၀၀ |
| FPB | ၄,၁၀၀ | ၄,၂၀၀ | ၇,၈၃၁ | ၃၂,၈၈၀,၆၀၀ |
| TMH | ၃,၃၀၀ | ၃,၂၅၀ | ၃၅ | ၁၁၅,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၃,၀၄၅ | ၅,၅၃၃,၂၅၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၅ | ၁၉,၇၅၀ |
| MAEX | ၃,၈၀၀ | ၃,၈၀၀ | ၁၀ | ၃၈,၀၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၂၃၂ | ၇၅၇,၈၅၀ |
| ASPGB(PLB) | ၃၅,၀၀၀ | ၃၈,၅၀၀ | ၂၁၅ | ၇,၅၇၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ကာဇက်စတန်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်

**အဆွေတော်၊**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။

ရွေးကောက်ပွဲတွင် အဆွေတော်အနိုင်ရရှိခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှု၊ လူမှုစီးပွားရေး သာယာဝပြောရေးနှင့် နိုင်ငံတကာဆက်ဆံမှုတွင် အောင်မြင်ရေးကို ရည်ရွယ်သည့် အဆွေတော်၏ ပြည့်စုံသောမူဝါဒအပေါ် ပြည်သူတစ်ရပ်လုံးက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုကို ထင်ထင်ရှားရှား သက်သေပြနေသည်ဟု မိမိ ရှုမြင်ပါသည်။

နိုင်ငံ့အနာဂတ် သာယာလှပစေရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားစေရေး အဆွေတော်၏ မြင့်မြတ်သော ကြိုးပမ်းမှုများနှင့် ကြီးမားသောအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှုကို အခြေခံသည့် ကာဇက်စတန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးအလားအလာ မြင့်မားမှုကို အရင်းခံ၍ ကုန်သွယ်ရေးနှင့်စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မိမိအနေဖြင့် အဆင်သင့်ရှိမှုကို ထပ်လောင်းအတည်ပြုပါသည်။

အဆွေတော်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အောင်မြင်ပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ သာယာဝပြော၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်မင်ရင်းနှီးမှုဖြင့်၊

ကာစင် ဂျိုမတ် တိုခါယက်ဗ်

○ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိမိအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာပြီးနောက်ပိုင်း ပြည်ပနိုင်ငံသံတမန်များအနက် ပထမဆုံး လာရောက်တွေ့ဆုံသည့် သံအမတ်ကြီးဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အလားတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်အနေဖြင့် မိမိကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအပေါ်တွင်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အိမ်နီးနားချင်း မိတ်ဆွေကောင်း နိုင်ငံတစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအပေါ် ထောက်ခံမှုပြသခြင်းပင်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးက အဆွေတော်အား နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရမှုအပေါ် မိမိအနေဖြင့် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ စွမ်းဆောင်မှုများ အောက်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ လုံခြုံရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုများ ပြန်လည်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှ ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**❛ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ လုံခြုံရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပြန်လည်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး ❜**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လက်ရောက်ပေးအပ်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဝမ်းတွင်းမြို့နယ်၌ ထရန်စဖော်မာ ပြန်လည်ပြုပြင်

**ဝမ်းတွင်း မေ ၆**

ဝမ်းတွင်းမြို့နယ်၌ ၃၃/၁၁ ကေဗွီ (၂၀+၁၅) အမ်ဗွီအေ ဝမ်းတွင်း ထပ်ဆင့်ဓာတ်အားခွဲရုံရှိ ထရန်စဖော်မာအား ဓာတ်အားဆက်သွယ်မှု စနစ်ကျစေရေး၊ ပျက်စီးဆုံးရှုံးမှု မရှိစေရေးနှင့် ခွဲရုံကြံ့ခိုင်မှုရှိစေရေးအတွက် ၃၃/ ၁၁ ကေဗွီ၁၅ အမ်ဗွီအေထရန်စဖော်မာအား Cu Busbar များ တပ်ဆင်ခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်သည်။



အဆိုပါ လုပ်ငန်းကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဝမ်းတွင်းမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ ဦးဆောင်လျက် လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများဖြင့် မြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ (၂၀+၁၅) အမ်ဗွီအေ ဝမ်းတွင်းထပ်ဆင့် ဓာတ်အားခွဲရုံရှိ ၁၅ အမ်ဗွီအေထရန်စဖော်မာအား Busbar လဲလှယ်၍ အများပြည်သူသို့ ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ ယိမ်းအဖွဲ့များအလိုက် ကြိုတင်လေ့ကျင့်ဆောင်ရွက်

**ပခုက္ကူ မေ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဟာသင်္ကြန်ပွဲတော်အတွင်း ပါဝင်ဖျော်ဖြေနိုင်ရေး ဌာနဆိုင်ရာအလိုက်၊ ကျောင်းအလိုက် ယိမ်းအဖွဲ့များက ကြိုတင်လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။



၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေနိုင်ရေး အတွက် သက်ဆိုင်ရာ ဌာနအလိုက်၊ ကျောင်းအလိုက် ယိမ်းအဖွဲ့ ၁၅ ဖွဲ့က ကြိုတင်လေ့ကျင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်တွင် ဗဟိုသင်္ကြန်မဏ္ဍပ်ကြီး၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ဧည့်ခံရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များနှင့် စက်သုံးဆီ ခြိုးခြံချွေတာ သုံးစွဲနိုင်ရေးအတွက် လမ်းလျှောက် သင်္ကြန်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

**နေပြည်တော်  မေ  ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**အဆွေတော် ဦးမင်းအောင်လှိုင်**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတ**

**အဆွေတော် နိုင်ငံတော်သမ္မတ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော်က အဆွေတော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ကျွန်ုပ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အား ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာရေးဆီသို့ ဦးဆောင်ဦးရွက်ပြုရာတွင် အောင်မြင်မှုရရှိစေရန် ကျွန်ုပ်၏ စိတ်ရင်းစေတနာဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် ကမ္ဘောဒီးယားနိုင်ငံတော်၏ ပြည်သူများကလည်း ကျွန်ုပ်နှင့်အတူ ကျေးဇူးတင် အသိအမှတ်ပြုကြောင်း ဖော်ပြအပ်ပါသည်။ အာဆီယံအပါအဝင် ဒေသတွင်း မူဘောင်များအတွင်း ဆွေးနွေးမှု၊ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပံ့ပိုးကူညီရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာတိုးမြှင့်သွားမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

သမ္မတကြီး၊ ကျေးဇူးပြု၍ ကျွန်ုပ်၏ လေးစားဂုဏ်ပြုမှုကို လက်ခံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**နိုရိုဒွန် သီဟာမိုနီ**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါး ဘယ်ဂ်လော့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့

**နေပြည်တော်  မေ  ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါး ဘယ်ဂ်လော့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**အဆွေတော်၊**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

ပြည်သူများ၏ဘဝ သာယာဝပြောရေးကို အလေးထားမှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေလိုသော အဆွေတော်၏ ဆန္ဒအပေါ် မိမိတို့အနေဖြင့် အလွန်လေးစားမိပါသည်။

စိန့်ပီတာစဘတ်မြို့နှင့် မြန်မာနိုင်ငံတို့အကြား ကာလရှည်ကြာသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အပြန်အလှန် လေးစားမှုအပေါ်အခြေခံ၍ ဖော်ဆောင်လျက်ရှိပါသည်။ ယင်းဆက်ဆံရေး တိုးတက်ခိုင်မာစေရေးအတွက် အဆွေတော်၏ ဦးဆောင်မှုများသည် အထူးပင် အသိအမှတ်ပြုဖွယ်ဖြစ်ပါသည်။ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပညာရေးဆိုင်ရာအစီအစဉ်များနှင့် ဆေးဘက်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေရန် အဆွေတော်၏ ကြိုးပမ်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံလုံး၏ ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များ၏တန်ဖိုးကို မြှင့်တင်စေရုံအတွက်သာမက နိုင်ငံသားများ၏ လူနေမှုဘဝအရည်အသွေးကိုလည်း မြင့်မားစေပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် စိန့်ပီတာစဘတ်မြို့နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါသည်။ မိမိတို့အနေဖြင့်လည်း ပူးတွဲစီမံကိန်းသစ်များကို အကောင်အထည်ဖော်ရန်နှင့် ဒေသအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် ဆန္ဒရှိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပြီး အားအင်စွမ်းပကားများဖြင့် ပြည့်စုံပါစေကြောင်းနှင့် အဆွေတော်၏ အရေးကြီးသော လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာ အေ. ဒီ. ဘယ်ဂ်လော့**

**စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဂျပန်-မြန်မာ ပါလီမန် ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေးထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်  မေ  ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေးထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတကြီး မင်းအောင်လှိုင်ထံသို့**

လေးစားအပ်ပါသော သမ္မတကြီး ခင်ဗျား၊

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် မကြာသေးမီက ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် ကျွန်ုပ်မှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်။

ဂျပန်နှင့် မြန်မာနိုင်ငံသည် ရှည်လျားသော မိတ်ဖက်များဖြစ်ပြီး အာရှတိုက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဟု မျှော်လင့်ပါသည်။

သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်၊

၂၀၂၆ ခုနှစ်၊ ဧပြီလ

ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေး

ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဂျပန်-မြန်မာ ယဉ်ကျေးမှု မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိ နှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိခို တာကခု တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော်  မေ  ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိ နှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိခို တာကခု တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတကြီး မင်းအောင်လှိုင်ထံသို့**

လေးစားအပ်ပါသော သမ္မတကြီး ခင်ဗျား၊

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် မကြာသေးမီက ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် ကျွန်ုပ်မှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်။

ဂျပန်နှင့် မြန်မာနိုင်ငံသည် ရှည်လျားသော မိတ်ဖက်များဖြစ်ပြီး အာရှတိုက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဟု မျှော်လင့်ပါသည်။

သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာ ကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်၊

၂၀၂၆ ခုနှစ်၊ ဧပြီလ

ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း

ဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိ

ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိခို တာကခု

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ နွေရာသီအခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန်  မေ  ၆**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော နွေရာသီ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်သီရိပြည့်စုံ ဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းတွင် မင်္ဂလာဗျူဟာ(အသင်းချုပ်)မှ စာရေးဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက ဦးစီး၍ ဗုဒ္ဓဘာသာ အခြေခံသိပ္ပံများ၊ ယဉ်ကျေးလိမ္မာရေး ဆိုင်ရာ သင်ခန်းစာများနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရေးဆိုင်ရာ ဘာသာရပ်များကို မတ် ၂၈ ရက်မှ မေ ၆ ရက်အထိ သင်ကြားပို့ချသည်။

သင်တန်း ဆင်းပွဲတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်က ရေးဖြေဘာသာရပ် နှင့် နှုတ်ဖြေဘာသာရပ်တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် ဧပြီ ၆**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာ-ဘယ်လာရုစ် ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာပြည် တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့၊ မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း၊ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ပြည်သူများ၏ အကျိုးအတွက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း၊ ဘာသာအကျိုး၊ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း၊ သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစေပြီး ပြည်သူအများ ချမ်းသာကြွယ်ဝကာ နိုင်ငံ့စီးပွားထွန်းကားလျက် အခြေအနေသစ်များနှင့် အသစ်သောအသွင်ကူးပြောင်းမှုများဖြင့် ကောင်းမွန်ပြည့်စုံပါစေကြောင်းစသည်ဖြင့် ပါရှိကြောင်းသိရသည်။

**သတင်းစဉ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ရပါသည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း လေးစားစွာဖြင့် ဆန္ဒပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သမ္မတတာဝန်များကို စတင်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပြီး ဘာသာအကျိုး၊ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ကျန်းမာရွှင်လန်းစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး**
**(ကျောက်တော်ကြီးဘုရား)ရန်ကုန်တိုင်းဒေသကြီး**

## အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား နိုင်ငံသားပြည်သူများမှ တစ်ခဲနက် ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စား ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုကို မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များအဖွဲ့ချုပ် ကော်မတီဝင်များအားလုံးက ဝမ်းသာ၍ လှိုက်လှိုက်လှဲလှဲကြိုဆိုဂုဏ်ပြုဂါရဝပြု အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster**
**ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရွေးချယ်တင်မြှောက်လိုက်သည့်အတွက် မြန်မာနိုင်ငံဆိုင်ရာရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်က လေးစားစွာဖြင့် ဂုဏ်ပြုကြိုဆိုပါသည်။

နိုင်ငံတော်သမ္မတကြီး ကောင်းချီးမင်္ဂလာအဆက်ဆက်ရရှိပြီး ကြီးကျယ်ခမ်းနားသော ရည်မှန်းချက်များ အစဉ်တည်တံ့ပါစေကြောင်း၊ ကောင်းမွန်သောမဟာဗျူဟာရေးဆွဲမှုနှင့် အဆက်မပြတ် အကောင်အထည်ဖော်နိုင်သော အုပ်ချုပ်ရေးစွမ်းအားဖြင့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစေပြီး ပြည်သူအများ ချမ်းသာကြွယ်ဝကာ နိုင်ငံ့စီးပွားထွန်းကားလျက် အခြေအနေသစ်များနှင့် အသစ်သော အသွင်ကူးပြောင်းမှုများဖြင့် ကောင်းမွန်ပြည့်စုံပါစေကြောင်း ရိုသေစွာ ဂုဏ်ပြုလိုက်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်**
**Myanmar Shaanxi Chamber of Commerce**

## အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာ-ဘယ်လာရုစ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာ-ဘယ်လာရုစ်ချစ်ကြည်ရေးနှင့်**
**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအသင်း**

## အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း**

## အထူးဝမ်းမြောက် ဂုဏ်ယူခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် “မြန်မာပြည် တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့” က အထူးပင်ဝမ်းမြောက် ဂုဏ်ယူပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် “မဇ္ဈိမာလင်္ကာရသာမဏေကျော် အသင်း” မှ အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း**

## အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် “ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း” မှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထားဝယ်လူမျိုးသမိုင်းတွင် ထားဝယ် မိဘနှစ်ပါးမှ မွေးဖွားလာပြီး ထားဝယ်တိုင်းရင်းသားတစ်ရပ်လုံး၏ ပထမအဦးဆုံးသော နိုင်ငံတော်သမ္မတကြီးဖြစ်လာသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

## ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ဌာနနှင့် ပြည်ထောင်စုဝန်ကြီး ဦးရေ ၁၀ ဖွဲ့စည်းခန့်အပ်နိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။

နေပြည်တော် ဧပြီ ၆

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၅ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၊ အတွင်းရေးမှူးအဖြစ် ရေပဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်တင်မြင့် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီအဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက (၂၀၀၈ ခုနှစ်) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဦးသာထွေးအား ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြထားကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဦးရေနှင့် ပြည်ထောင်စုတရားသူကြီးချုပ် အမည်စာရင်းနှင့် စပ်လျဉ်း၍ ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက (၂၀၀၈ ခုနှစ်) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရေး လွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြထားကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏ အမည်စာရင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ခန့်အပ်ရန်သဘောတူကြောင်းကြေညာခြင်းနှင့် ကန့်ကွက်လိုသူရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းကို ဧပြီ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်ကို ၂၁ ဌာနဖြစ်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးရေကို ၁၀ ဖြစ်လည်းကောင်း သတ်မှတ်နိုင်ရေး (၂၀၀၈ ခုနှစ်) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက်၊ အမည်စာရင်းနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်စာရင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက ဆွေးနွေးခြင်းကို ဧပြီ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ကိုးဦးဖြင့်ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ထိုသို့ ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး စုစုပေါင်းအဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့မှ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၂၁၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့တင်ပြထားကြောင်းပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင် ကိုးဦးအနက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ ဦးအောင်ဇော်သိန်းအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ အဆိုပြုတင်ပြထားသည့် ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ ခန့်အပ်ရန်သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက (၂၀၀၈ ခုနှစ်) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေတို့နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာ သီတာဦးကိုလည်းကောင်း၊ (၂၀၀၈ ခုနှစ်) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတို့နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ဒေါ်နိုင်သက်ဦးကိုလည်းကောင်း ခန့်အပ်တာဝန် ပေးသင့်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြထားကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ခန့်အပ်တာဝန်ပေးအပ်ရန်သဘောတူကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်လိုကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို ဧပြီ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

ဘားအံ မေ ၆

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) ဘားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)နေရာ လစ်လပ်ကြောင်း ကြေညာပြီး ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာကာ နိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နန်းနီနီအေးနှင့် ဘားအံ - ကော့ကရိတ်- မြဝတီ(အာရှလမ်း) ပြန်လည်ဖွင့်လှစ်နိုင်ခြင်းနှင့် ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပေးပို့ထားသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ဖတ်ကြား၍ ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ကြောင်း ကြေညာသည်။



ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် ဦးစောမြင့်ဦး ဘားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အမည်စာရင်းပေးပို့ထားပြီး ယင်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးဌာနခုနစ်ခုနှင့် ဝန်ကြီးဦးရေခုနစ်ဦး သတ်မှတ်ထားရှိရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသော အဆိုပြုချက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကရင်ပြည်နယ်တွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးရေ သုံးဦးထားရှိရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်းနှင့် တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

မြစ်ကြီးနား မေ ၆

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက အစည်းအဝေး တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးအနက် ၄၅ ဦးလုံး တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ပြည်နယ်ဝန်ကြီးဌာန အရေအတွက် ခုနစ်ခု၊ ပြည်နယ်ဝန်ကြီးဦးရေ ခုနစ်ဦးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးဦးရေ သုံးဦး သတ်မှတ်နိုင်ရေး အဆိုပြုခြင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အဆုံးအဖြတ်ကို ရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် မြစ်ကြီးနားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန်အား ခန့်အပ်တာဝန်ပေးနိုင်ရေး အဆိုပြုလာခြင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူ၍အတည်ပြုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

ပုသိမ် မေ ၆

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသိန်းထွန်းက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပုသိမ်မြို့နယ် ကိုယ်စားလှယ်အမှတ် (၁) ဦးအေးကျော်အား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၀ အရ အဆိုပြုပေးပို့ခြင်းကို လွှတ်တော်သို့ ကြေညာပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက တိုင်းဒေသကြီး ဝန်ကြီးဌာနအရေအတွက် ကိုးခု၊ တိုင်းဒေသကြီးဝန်ကြီးကိုးဦးနှင့် တရားလွှတ်တော်တရားသူကြီးလေးဦး သတ်မှတ်နိုင်ရေးအတွက် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၈ နှင့် ၄၉ တို့အရ အဆိုပြုပေးပို့ခြင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



မုံရွာ မေ ၆

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ရာခိုင်နှုန်းပြည့် တက်ရောက်သည့်အတွက်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်းကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တိုင်းဒေသကြီးဝန်ကြီးဌာန ခုနစ်ခုနှင့် ဝန်ကြီးဦးရေ ခုနစ်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဦးရေ သုံးဦး သတ်မှတ်နိုင်ရေးအတွက် အဆိုပြုခြင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ခန့်အပ်နိုင်ရေးအတွက် ရွှေဘိုမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဦးကိုလေးအား အဆိုပြုခြင်းကို တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

ထားဝယ် မေ ၆

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယကက ပေးပို့ခဲ့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက အဆိုပြုသည့် မြိတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးဇော်နိုင်ဦး၏အမည်စာရင်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)အရ တိုင်းဒေသကြီး ဝန်ကြီးဌာနရှစ်ခု၊ တိုင်းဒေသကြီးဝန်ကြီးဦးရေ ရှစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဦးရေ သုံးဦး သတ်မှတ်ပေးနိုင်ရန် အဆိုပြုလာမှုအပေါ် လွှတ်တော်၏ အဆုံးဖြတ်ရယူ၍ အတည်ပြုသည်။



တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၇ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် မေ ၆

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငြေးအောင်က တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး ပြည်ထောင်စုလွှတ်တော်နာယကထံမှ ပေးပို့လာသည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာအား ဖတ်ကြားတင်ပြကာ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက အဆိုပြုပေးပို့လာသည့် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူ၏ အမည်စာရင်း၊ တိုင်းဒေသကြီးဝန်ကြီးဌာန အရေအတွက်နှင့် တိုင်းဒေသကြီး ဝန်ကြီးဦးရေ အရေအတွက်၊ တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးဦးရေအရေအတွက် သတ်မှတ်နိုင်ရေး အဆိုပြုချက်ကို တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက အဆိုပြုပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူကာ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ကြေညာပြီး တိုင်းဒေသကြီးဝန်ကြီးဌာန ၁၀ ခု၊ တိုင်းဒေသကြီးဝန်ကြီး ၁၀ ဦးနှင့် တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးခြောက်ဦး သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

စစ်တွေ မေ ၆

တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် လွှတ်တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ မတက်ရောက်နိုင်သော ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်း၊ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ ဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဦးအား အဆိုပြုလာခြင်းကို ပြည်နယ်လွှတ်တော်သို့ ကြေညာခြင်း၊ အမည်စာရင်း အဆိုပြုလာခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် အမည်စာရင်း အဆိုပြုလာခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီကြသည့် အတွက် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဦးအား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုသည့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီး ဦးရေ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးရေတို့ကို လွှတ်တော်သို့တင်ပြပြီး ပြည်နယ် လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

မန္တလေး မေ ၆

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အောင်မြေသာစံ မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်အား အဆိုပြုခြင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဌာန ရှစ်ခု၊ တိုင်းဒေသကြီးဝန်ကြီးဦးရေရှစ်ဦးနှင့် မန္တလေး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် အပါအဝင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ဦးရေ ခုနစ်ဦးသတ်မှတ်ခြင်းကို လွှတ်တော်သို့တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် အောင်မြေသာစံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်အား အဆိုပြုခြင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဌာန ရှစ်ခု၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဦးရေ ရှစ်ဦးနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ခုနစ်ဦးသတ်မှတ်ခြင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကော်မတီကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းသည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

# တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ



**လွိုင်ကော် ဧပြီ ၆**

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ရှိ လွှတ်တော်အဆောက်အအုံလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးရှိပြီး ရာနှုန်းပြည့် တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက ကယားပြည်နယ်ဝန်ကြီးချုပ်တာဝန်ပေးအပ်နိုင်ရေးအတွက် အဆိုပြုပေးပို့လာသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက အဆိုပြု ပေးပို့လာသည့် ပြည်နယ်ဝန်ကြီးဌာန အရေအတွက်နှင့် ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်ခြင်းကို လည်းကောင်း၊ တရားလွှတ်တော် တရားသူကြီးဦးရေကိုလည်းကောင်း ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဧပြီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



**တောင်ကြီး ဧပြီ ၆**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော် သမ္မတအဖြစ် တင်မြှောက်ခြင်း ခံရသောသူက အဆိုပြုပေးပို့ထားသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဦးစိုင်းထိန်စိုး၏ အမည်ကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး အဆိုပြုထားသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသောသူက အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈ အရ နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုထားသည့်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဦးစိုင်းထိန်စိုး၏ အမည်ကို ကန့်ကွက်သည့် ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်း မရှိသည့်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်ကျော်ညွန့်နှင့် သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးသီဟလှိုင်တို့က ဆွေးနွေးတင်ပြကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နောက်တစ်ကြိမ် ကျင်းပပြုလုပ်မည့် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီး လေးဦးခန့်အပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**မော်လမြိုင် ဧပြီ ၆**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ စတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ အမည်စာရင်းအား လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ဗိုလ်မှူးချုပ် အောင်ဝင်းသန်းအား အဆိုပြုခြင်းကို ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ဝန်ကြီးဦးရေနှင့် မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီး ဦးရေတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

မွန်ပြည်နယ်လွှတ်တော် တတိယအကြိမ် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**ဟားခါး ဧပြီ ၆**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ် လွှတ်တော် အဆောက်အအုံ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက တတိယအကြိမ်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ ရာနှုန်းပြည့် တက်ရောက်သည့် အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ချင်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ဟားခါးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ဒေါက်တာဝုန်ဆွန်းထန်အား အဆိုပြုခြင်းကို လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသည့်ပြည်နယ်ဝန်ကြီးဌာန ခုနစ်ဌာန၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးကို သုံးဦး သတ်မှတ်ပေးနိုင်ရန် အဆိုပြုခြင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေးကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**ပဲခူး ဧပြီ ၆**

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးက တိုင်းဒေသကြီး လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော် ကိုယ်စားလှယ် ၇၆ ဦး တက်ရောက်ခဲ့ပြီး ရာနှုန်းပြည့် တက်ရောက်သည့်အတွက် တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန် ပေးနိုင်ရန် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက ပေးပို့ထားသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၏ အမည်စာရင်း၊ ဝန်ကြီးဌာန



အရေအတွက်နှင့် ဝန်ကြီးဦးရေသတ်မှတ်နိုင်ရေးနှင့် တရားလွှတ်တော်တရားသူကြီးဦးရေ သတ်မှတ်နိုင် ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြု တင်ပြခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ရွေးကောက် တင်မြှောက်ခြင်းခံရသော သမ္မတက ပေးပို့ထားသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်မည့်သူ မရှိသဖြင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ဦးမျိုးဆွေဝင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ် ပဲခူးမြို့မဲဆန္ဒနယ်အမှတ်(၁)အား ခန့်အပ် တာဝန်ပေးကြောင်း ကြေညာခဲ့ပြီး ဝန်ကြီးဌာန ခုနစ်ဌာနနှင့် ဝန်ကြီး ခုနစ်ဦး၊ တရားလွှတ်တော် တရားသူကြီးချုပ် တစ်ဦးနှင့် တရားလွှတ်တော် တရားသူကြီးလေးဦးတို့အားတိုင်းဒေသကြီးလွှတ်တော် သို့ အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်း နှင့် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)




# တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**မကွေး ဧပြီ ၆**

တတိယအကြိမ် မကွေးတိုင်း ဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီက မကွေး မြို့ တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ဦးစွာ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ဌေးက တတိယ အကြိမ် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယ နေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့သဖြင့် အစည်းအဝေးကို အထမြောက် ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထား ရသူက အဆိုပြုသော မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်အဖြစ်ခန့်အပ် တာဝန်ပေးသင့်သည့် မကွေး မဲဆန္ဒနယ်အမှတ်(၂) ဦးတင်ကိုကို အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးနိုင်ရန် လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရာ လွှတ်တော် ကိုယ်စားလှယ်များ က သဘောတူညီသည့်အတွက် မကွေးမဲဆန္ဒနယ် အမှတ် (၂) ဦးတင်ကိုကိုအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန် ပေးအပ်ကြောင်း အတည်ပြုပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထား ရသူက အဆိုပြုသော မကွေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးဌာန အရေအတွက်၊ ဝန်ကြီးဌာနအမည်၊ ဝန်ကြီးဦးရေစာရင်းနှင့် စပ်လျဉ်း ၍ ဝန်ကြီးဌာန ခုနစ်ခုအား လွှတ်တော်သို့ တင်ပြ၍ အတည် ပြုချက်ရယူသည်။

ထို့နောက် နိုင်ငံတော် သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထား ရသူက အဆိုပြုသော မကွေးတိုင်း ဒေသကြီး လွှတ်တော်တရားသူကြီး ဦးရေနှင့်စပ်လျဉ်း၍ တရားသူကြီး ဦးရေ သုံးဦး ရွေးချယ်ခန့်အပ်နိုင် ရေး လွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူသည်။

ကိုရဲ(ပြန်/ဆက်)

# မြန်မာနိုင်ငံကြက်ခြေနီအသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၃) ကြိမ်မြောက် SEA Leadership Meeting အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဧပြီ ၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း က (၂၃) ကြိမ်မြောက် Southeast Asia Leadership Meeting ပြုလုပ်နိုင်ရေးအတွက် အကြို ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက အသင်းရန်ကုန်ရုံး ခွဲ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ဒုတိယ အထွေထွေအတွင်းရေးမှူးများ၊ လက်ထောက်အထွေထွေ အတွင်း ရေးမှူးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ နှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Head of Delegation Ms. Nadia KHOURY နှင့် တာဝန်ရှိသူများ၊ (၂၂) ကြိမ် မြောက် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခဲ့သည့် မလေးရှားနိုင်ငံ လခြမ်းနီအသင်းမှ အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ (၂၄) ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံ ကြက်ခြေနီအသင်းမှ အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

အရှေ့တောင်အာရှနိုင်ငံများရှိ ကြက်ခြေနီနှင့် လခြမ်းနီအသင်း များမှ ဦးဆောင်ဦးရွက်ပြုနေသူ များ တက်ရောက်ကြမည်ဖြစ်သည့် အဆိုပါ အစည်းအဝေးကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ဒုတိယ ပတ်အတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ပြီး အစည်းအဝေးတွင်ပြုလုပ် မည့် လုပ်ငန်းစဉ်များနှင့် ဒေသ တွင်း လူမှုကရုဏာလုပ်ငန်း ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်း ဆွေးနွေးနိုင်ရေး ညှိနှိုင်းဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




# ကျုံပျော်မြို့နယ်ရှိ စက်ရုံအလုပ်ရုံများအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

**ကျုံပျော် ဧပြီ ၆**

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာန က မီးလောင်မှုလျှော့နည်း ပပျောက်စေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံ များအား မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာပေးခြင်း နှင့် စစ်ဆေးခြင်းများကို ဧပြီ ၅ ရက်က ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်စိန်ဘွင့်၏ လမ်းညွှန်မှု ဖြင့် ရှားခဲနယ်မြေ မီးသတ်စခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးကျော်လင်းထက်နှင့် တပ်ဖွဲ့ဝင် များက ဒေသအတွင်းရှိ စက်ရုံ အလုပ်ရုံများသို့ သွားရောက်ကာ ဝန်ထမ်းများအား မီးဘေးကြိုတင် ကာကွယ်ရေး၊ မီးလောင်မှုမရှိစေ ရေး အသိပညာပေးပြောကြားပြီး လျှပ်စစ်မီး စနစ်တကျအသုံးပြု ရန်၊ မီးသတ်ဆေးဘူးနှင့် ဆက်စပ် ပစ္စည်းများ စနစ်တကျဆောင်ရွက် ထားရှိရန် လိုက်လံစစ်ဆေးခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပြည်သူများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ သက်ဆိုင်ရာနယ်မြေ အလိုက်ကြိုတင်ကာကွယ်နိုင်ရန် ဧပြီ ၆ ရက်တွင် ကျန်းမာရေးအသိပညာ ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ကျော်ကျော်(ဒိုက်ဦး)



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

နေပြည်တော် ဧပြီ ၆

နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၁)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်း ခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၁)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၁)မှ သင်တန်းသားများကို ကွံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများ အနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၁)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-







**အင်တာဗျူး(၁)**

ကျွန်တော်ကတော့ အခက်အခဲတွေတော့ အများကြီးရှိတာပေါ့။ ကျွန်တော် အပြင်လူတစ်ယောက် အနေနဲ့ ဒီတပ်မတော်ထဲရောက်လာတယ်ဆိုတော့ ကျွန်တော်တို့ အရပ်ဘက်နဲ့တော့ ကွာတာပေါ့ဗျ။ စည်းကမ်းတော့ ရှိလာတယ်။ ကျွန်တော်တို့ အကုန်လုံးပေါ့ အစစအရာရာပြောင်းလဲလာတယ်ဗျ။ သင်ကြားပေးတဲ့ ဘာသာရပ်တွေကတော့ ကျွန်တော်တို့ စစ်နည်းဗျူဟာပိုင်းပေါ့။ လက်နက်ငယ်ပိုင်းပေါ့ အများကြီးပါပဲ။ ကျွန်တော်တို့ကို သင်ကြားပေးပါတယ်ဗျ။ ကျွန်တော် ယုံကြည်မှုရှိလာတယ်ဗျ။ ကျွန်တော်အရပ်သား ဘဝ တုန်းကတော့ ပေါ့ပျက်ပျက် နေခဲ့တယ်ပေါ့။ အခုတော့ စည်းကမ်းနဲ့နေတတ်လာတယ်။ ကျွန်တော် အမိန့်လည်း နာခံတတ်လာတယ်ဗျ။ စစ်သားကောင်းတစ်ယောက် ဖြစ်အောင်လည်း ကျွန်တော် နေထိုင်သွားမှာပါဗျ။

**အင်တာဗျူး(၂)**

ကျွန်တော်တို့ အရပ်သားတုန်းကတော့ လူငယ်တွေဖြစ်တဲ့အတွက် တစ်ခါတလေ ပျက်စီးခဲ့တာတွေ မလိုအပ်ဘဲ ပျက်စီးခဲ့တာတွေလည်း ရှိကောင်းရှိခဲ့ပါတယ်။ အများကြီးပဲ တော်တော်များများ ပြောင်းလဲ လာကြပါတယ်။ အကုန်လုံးက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရမယ့် အနေအထားမျိုးမှာ အကောင်းဆုံးကြိုးစားသွားပါမယ်။ ကျွန်တော်တို့ စစ်သားတွေဖြစ်တဲ့အတွက် ကျန်းမာကြံ့ခိုင်ရမယ်။ ကျွမ်းကျင်မှုရှိရမယ်။ ရဲစွမ်းသတ္တိရှိရမယ်။ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံး ပြုပြင်ပြောင်းလဲလာရမယ်။ တပ်မတော်သား တစ်ယောက် ဖြစ်တဲ့အတွက် တစ်ဦးချင်းမဟုတ်တော့ဘဲ အဖွဲ့အစည်းအလိုက် အကောင်းဆုံး ကြိုးစားသွားဖို့ တွေးထားပါတယ်။

**အင်တာဗျူး(၃)**

အတွေ့အကြုံတွေကတော့ နည်းနည်းတော့ ခက်ခဲကြမ်းတမ်းတာပေါ့။ ဒါပေမယ့် သင်ကြားပေးတဲ့ ပညာကတော့ စစ်နည်းဗျူဟာရယ်၊ လက်နက်ငယ်အပိုင်းရယ်၊ ကြံ့ခိုင်ရေးရယ်၊ စစ်ရေးပြကျွမ်းကျင်မှုရယ် သင်ကြားပေးပါတယ်။ ကျွန်တော် အခုကျရောက်တဲ့ မိခင်တပ်ရင်းကို အထက်ကပေးတဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာပြီးတော့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားပါမယ်။ ယောက်ျားတိုင်းကတော့ ဒီစစ်မှုထမ်းကို ထမ်းဆောင်ရမှာပေါ့။ ကျွန်တော်ကတော့တစ်ထောင့်တစ်နေရာကနေ နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးချသွားပါမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

သတင်းစဉ်



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# မြန်မာ့နွေအပူဒဏ်အန္တရာယ်နှင့် ဘက်စုံကာကွယ်ရေး

ရောဝတီ လွမ်းအိမ်

**ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု နောက်ခံသမိုင်း**

မျက်မှောက်ကာလ ၂၁ ရာစုအတွင်း လူသားမျိုးနွယ်စုများ ရင်ဆိုင်နေရသည့် အကြီးမားဆုံးသော သဘာဝဘေးအန္တရာယ်မှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု (Climate Change) နှင့် ကမ္ဘာ့အပူချိန်မြင့်မားလာမှု (Global Warming) ပင်ဖြစ်သည်။ လွန်ခဲ့သောဆယ်စုနှစ်များစွာကပင် သိပ္ပံပညာရှင်များ သတိပေးခဲ့ကြသော်လည်း ယခုအခါတွင်မူ ထိုဘေးအန္တရာယ်မှာ ကျွန်ုပ်တို့၏ အိမ်တံခါးဝသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီဖြစ်သည်။ အထူးသဖြင့် အာရှတိုက်၏ အပူပိုင်းဒေသတွင် တည်ရှိသော မြန်မာနိုင်ငံအတွက် နွေရာသီ၏အပူရှိန်သည် နှစ်စဉ်နှင့်အမျှ စံချိန်တင်မြင့်မားလာပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုပါ ခြိမ်းခြောက်လာသည့်အခြေအနေသို့ ရောက်ရှိနေသည်။

ရာသီဥတုပြောင်းလဲမှု၏ အဓိကအကြောင်းရင်းမှာ လူသားတို့၏ လိုအင်ဆန္ဒများကြောင့် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးခဲ့ခြင်းနှင့် စက်မှုလက်မှုလုပ်ငန်းများမှထွက်ရှိလာသော ဖန်လုံအိမ်ဓာတ်ငွေ့ (Greenhouse Gases) များကြောင့်ဖြစ်သည်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ပါဝင်မှုနှုန်းသည် စက်မှုခေတ်ဦးကာလကထက် ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့သည်။ ဤဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအပြင်ဘက်သို့ ပြန်လည်ထွက်ခွာသွားရမည့် အပူလှိုင်းများကို ပိတ်ဆို့ထားခြင်းကြောင့် ကမ္ဘာကြီးသည် ဖန်လုံအိမ်တစ်ခုကဲ့သို့ ပူနွေးလာခြင်းဖြစ်သည်။ ထိုသို့ပူနွေးလာမှုသည် ဝင်ရိုးစွန်းရှိ ရေခဲတောင်များကို အရည်ပျော်စေရုံသာမက သမုဒ္ဒရာရေမျက်နှာပြင်အပူချိန်ကိုပါပြောင်းလဲစေကာ အယ်လ်နီညိုကဲ့သို့သော ဆိုးရွားသည့် မိုးလေဝသဖြစ်စဉ်များကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။

**အယ်လ်နီညိုဖြစ်စဉ်နှင့် မြန်မာနိုင်ငံအပေါ် သက်ရောက်မှုအသေးစိတ်**

မြန်မာနိုင်ငံ၏ နွေရာသီအပူချိန်ကို အဓိကထိန်းချုပ်မောင်းနှင်နေသည်မှာ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ရေစီးကြောင်းများပြောင်းလဲမှု သို့မဟုတ် အယ်လ်နီညိုဖြစ်စဉ်ပင်ဖြစ်သည်။ ပုံမှန်အားဖြင့် အရှေ့လေများတိုက်ခတ်နေသော်လည်း အယ်လ်နီညိုဖြစ်ပေါ်ချိန်တွင် ထိုလေများ အားနည်းသွားကာ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ပိုင်းတွင် ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက်မြင့်တက်လာသည်။ ဤပြောင်းလဲမှုသည် ကမ္ဘာလုံးဆိုင်ရာလေထုဖိအားစနစ်ကို ကမောက်ကမဖြစ်စေသည်။ မြန်မာနိုင်ငံအတွက်မူ အယ်လ်နီညိုဖြစ်စဉ်သည် အောက်ပါဆိုးကျိုးများကို သက်ရောက်လေ့ရှိသည်-

**၁။ အပူချိန် အဆမတန်မြင့်တက်ခြင်း**

အယ်လ်နီညိုဖြစ်ပေါ်သောနှစ်များတွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့တွင် အမြင့်ဆုံးအပူချိန်သည် 45°C မှ 47°C အထိပင် ရောက်ရှိနိုင်ကာ စံချိန်တင် အပူလှိုင်းများကို ကြုံတွေ့ရလေ့ရှိသည်။

**၂။ မိုးရွာသွန်းမှု နည်းပါးခြင်း**

မိုးကြိုကာလများတွင် ရွာသွန်းလေ့ရှိသော မိုးများ ခေါင်းပါးသွားခြင်းကြောင့် မြေအောက်ရေမျက်နှာပြင်နိမ့်ကျသွားခြင်းနှင့် ရေတွင်းရေကန်များခန်းခြောက်ခြင်းကို ဖြစ်ပေါ်စေသည်။ ဤသည်မှာ ကျေးလက်ဒေသရှိ လူသားများနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေပြတ်လပ်မှုအန္တရာယ်ကို ဖြစ်စေသည်။

**၃။ မိုးဦးနောက်ကျခြင်း**

ပုံမှန်မိုးဝင်ရမည့်အချိန်ထက် နောက်ကျခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေကာ အပူရှိန်ပြင်းထန်သည့်ကာလကို ပိုမိုရှည်ကြာစေသည်။




**သစ်တောပြုန်းတီးမှုနှင့် သဘာဝ၏ အပူထိန်းစနစ်ပျက်စီးခြင်း**

သစ်ပင်များသည် ကမ္ဘာကြီး၏အဆုတ်များ ဖြစ်ရုံသာမက သဘာဝ၏ အပူထိန်းကိရိယာများလည်းဖြစ်ကြသည်။ သစ်ပင်များ၏ အရွက်များမှ ရေငွေ့ပြန်ခြင်းဖြစ်စဉ်သည် ပတ်ဝန်းကျင်လေထုကို အေးမြစေသည်။ သစ်ပင်ကြီးတစ်ပင်သည် လေအေးပေးစက်ငါးလုံးနီးပါး၏ အအေးပေးနိုင်စွမ်းနှင့်ညီမျှသည်ဟုဆိုကြသည်။ သို့သော် မြန်မာနိုင်ငံတွင် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာသည် စိုးရိမ်ဖွယ်ရာလျော့နည်းလာခဲ့သည်။ သစ်တောများပြုန်းတီးသွားသောအခါ မြေပြင်ပေါ်သို့ နေရောင်ခြည်တိုက်ရိုက်ကျရောက်ကာ မြေသားအတွင်းရှိ စိုထိုင်းဆများကို မြန်မြန်ဆန်ဆန် ခန်းခြောက်စေသည်။ အမြစ်များမှ ရေကို ထိန်းသိမ်းထားနိုင်စွမ်း မရှိတော့သည့်အတွက် ရေစက်ဝန်း (Water Cycle) ပျက်စီးကာ အပူချိန်ကို ပိုမိုမြင့်တက်စေသည်။ ထို့ကြောင့် သစ်တောပြုန်းတီးခြင်းသည် နွေရာသီကို ပိုမိုပူပြင်းစေသည့်အပြင် မိုးခေါင်ခြင်းနှင့် မြေဆီလွှာပျက်စီးခြင်းတို့ကိုပါ ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည်။

**အပူဒဏ်နှင့် လူသားတို့၏ ဇီဝကမ္မဖြစ်စဉ် တုံ့ပြန်မှုများ**

လူသားတို့၏ခန္ဓာကိုယ်သည် အံ့သြဖွယ်ကောင်းသော အပူချိန်ထိန်းညှိစနစ်တစ်ခုကို ပိုင်ဆိုင်ထားကြသည်။ ပုံမှန်အားဖြင့် လူတစ်ဦး၏ ခန္ဓာကိုယ်အတွင်းပိုင်းအပူချိန်သည် 98.6°F (37°C)ဝန်းကျင်တွင် အမြဲတည်ရှိနေရန် ဦးနှောက်အတွင်းရှိ ဟိုက်ပိုသလာမတ်စ် (Hypothalamus) က ထိန်းချုပ်ပေးထားသည်။ သို့သော် ပြင်ပလေထုအပူချိန်သည် ခန္ဓာကိုယ်အပူချိန်ထက် မြင့်တက်လာသောအခါ သို့မဟုတ် စိုထိုင်းဆ မြင့်မားလွန်းသောအခါ ခန္ဓာကိုယ်သည် ပိုလျှံနေသောအပူများကို အပြင်သို့စွန့်ထုတ်ရန် ခက်ခဲလာသည်။ ခန္ဓာကိုယ်က အပူကိုစွန့်ထုတ်သည့် နည်းလမ်း (၄) မျိုးရှိသည် -

**၁။ အပူစီးကူးခြင်း (Conduction)**

ပိုအေးသောအရာဝတ္ထုများနှင့် ထိတွေ့ခြင်းဖြင့် အပူစွန့်ခြင်း။

**၂။ အပူလျှပ်ကူးခြင်း (Convection)**

အေးသောလေ သို့မဟုတ် ရေက ခန္ဓာကိုယ်အနီးမှ ဖြတ်သန်းစီးဆင်းသွားခြင်းဖြင့် အပူကို သယ်ဆောင်သွားခြင်း။

**၃။ အပူဖြာထွက်ခြင်း (Radiation)**

လျှပ်စစ်သံလိုက်လှိုင်းများအသွင်ဖြင့် အပူကို ပတ်ဝန်းကျင်သို့ ထုတ်လွှတ်ခြင်း။

**၄။ အငွေ့ပြန်ခြင်း (Evaporation)**

၎င်းသည် အထိရောက်ဆုံးနည်းလမ်းဖြစ်ပြီး ချွေးထွက်ခြင်းမှတစ်ဆင့် အပူကိုလျှော့ချခြင်းဖြစ်သည်။

**ချွေးထွက်ခြင်းနှင့် ရေဓာတ်ဆုံးရှုံးမှုဖြစ်စဉ်**

ပြင်ပအပူချိန် ပြင်းထန်လာသောအခါ ဦးနှောက်က အရေပြားအောက်ရှိ သွေးကြောများကို ကျယ်စေရန် (Vasodilation) အမိန့်ပေးသည်။ ထိုအခါ သွေးများသည် ခန္ဓာကိုယ်အတွင်းပိုင်းမှ အရေပြားမျက်နှာပြင်သို့ စီးဆင်းလာပြီး အပူကို သယ်ဆောင်လာကြသည်။ တစ်ပြိုင်နက်တည်းမှာပင် ချွေးဂလင်းများက ချွေးများကို ထုတ်လွှတ်ပေးသည်။ ထိုချွေးများ အရေပြားပေါ်မှ အငွေ့ပြန်သွားသည့်အခါ ခန္ဓာကိုယ်ကို အေးမြသွားစေသည်။ သို့သော် ဤဖြစ်စဉ်အတွက် ပေးဆပ်ရသည့်တန်ဖိုးမှာ “ရေဓာတ်နှင့် ဆားဓာတ်” ဆုံးရှုံးမှုဖြစ်သည်။ ပြင်းထန်သောအပူရှိန်အောက်တွင် လူတစ်ဦးသည် တစ်နာရီလျှင် ချွေးတစ်လီတာမှ နှစ်လီတာအထိ ထွက်နိုင်စွမ်းရှိသည်။ ထိုသို့ ချွေးထွက်လွန်သောအခါ သွေးထဲတွင် ရှိသင့်သောရေပမာဏ လျော့နည်းသွားပြီး သွေးများပျစ်လာသည်။ နှလုံးသည် ပျစ်နေသော သွေးများကို ခန္ဓာကိုယ်အနှံ့ရောက်အောင် ပိုမိုပြင်းထန်စွာ ညှစ်ထုတ်ရသဖြင့် နှလုံးခုန်နှုန်းမြန်လာပြီး နှလုံးအမောဖောက်ခြင်း (Cardiac Stress) ကို ဖြစ်ပေါ်စေသည်။

> **အပူချိန်သည် 104°F (40°C) ထက်ကျော်လွန်သွားပြီး ခန္ဓာကိုယ်က အပူကို လုံးဝမထိန်းချုပ်နိုင်တော့သည့်အခြေအနေကို “အပူလျှပ်ခြင်း” ဟု ခေါ်သည်။ ဤအခြေအနေတွင် ခန္ဓာကိုယ်၏ အပူထိန်းစနစ်သည် လုံးဝရပ်ဆိုင်းသွားတတ်သည်။ အန္တရာယ်အရှိဆုံးမှာ ချွေးမထွက်တော့ခြင်းပင်ဖြစ်သည်။ အရေပြားသည် ပူပြီးခြောက်သွေ့လာကာ အတွင်းကလီစာများဖြစ်ကြသော ဦးနှောက်၊ အသည်းနှင့် ကျောက်ကပ်တို့သည် အပူဒဏ်ကြောင့် ပျက်စီးလာကြသည်။ ဦးနှောက်ဆဲလ်များသည် အပူဒဏ်ကို အလွန်ခံနိုင်ရည်နည်းသဖြင့် အပူလျှပ်ခြင်းခံရသူများသည် စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါကဲ့သို့ တက်ခြင်းများဖြစ်ပွားနိုင်**

**အပူလျှပ်ခြင်း (Heatstroke) ၏ ဇီဝကမ္မဗေဒ**

အပူချိန်သည် 104°F (40°C) ထက်ကျော်လွန်သွားပြီး ခန္ဓာကိုယ်က အပူကို လုံးဝမထိန်းချုပ်နိုင်တော့သည့်အခြေအနေကို “အပူလျှပ်ခြင်း” ဟု ခေါ်သည်။ ဤအခြေအနေတွင် ခန္ဓာကိုယ်၏ အပူထိန်းစနစ်သည် လုံးဝရပ်ဆိုင်းသွားတတ်သည်။ အန္တရာယ်အရှိဆုံးမှာ ချွေးမထွက်တော့ခြင်းပင်ဖြစ်သည်။ အရေပြားသည် ပူပြီးခြောက်သွေ့လာကာ အတွင်းကလီစာများဖြစ်ကြသော ဦးနှောက်၊ အသည်းနှင့် ကျောက်ကပ်တို့သည် အပူဒဏ်ကြောင့် ပျက်စီးလာကြသည်။ ဦးနှောက်ဆဲလ်များသည် အပူဒဏ်ကို အလွန်ခံနိုင်ရည်နည်းသဖြင့် အပူလျှပ်ခြင်းခံရသူများသည် စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါကဲ့သို့ တက်ခြင်းများဖြစ်ပွားနိုင်သည်။ အချိန်မီကုသမှု မရရှိပါက အတွင်းကလီစာများ အလုပ်မလုပ်တော့ဘဲ အသက်ဆုံးရှုံးရသည်အထိ ဖြစ်စေနိုင်သည်။

**အပူဒဏ်ကို ခံနိုင်ရည်နည်းသောလူစုများ**

အပူဒဏ်ကို လူတိုင်းခံစားရသော်လည်း အောက်ပါလူအုပ်စုများသည် ပိုမိုအန္တရာယ်ရှိသည်-

**၁။ ကလေးငယ်များ**

၎င်းတို့၏ခန္ဓာကိုယ်သည် ကြီးထွားဆဲဖြစ်ပြီး အပူထိန်းစနစ်မှာ လူကြီးများကဲ့သို့ မပြည့်စုံသေးပေ။ ထို့ပြင် ခန္ဓာကိုယ် အရွယ်အစားနှင့်နှိုင်းယှဉ်လျှင် အရေပြားဧရိယာများသဖြင့် အပူကို ပိုမိုစုပ်ယူလွယ်သည်။

**၂။ သက်ကြီးရွယ်အိုများ**

အသက်ကြီးလာသည်နှင့်အမျှ ချွေးဂလင်းများ အလုပ်လုပ်ပုံလျော့နည်းလာပြီး ခန္ဓာကိုယ်က ရေဓာတ်လိုအပ်မှုကို သိရှိနိုင်စွမ်း (ရေငတ်စိတ်) လျော့နည်းသွားတတ်သည်။

**၃။ နာတာရှည် ရောဂါသည်များ**

နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် ကျောက်ကပ်ရောဂါအခံရှိသူများသည် အပူဒဏ်ကြောင့်ဖြစ်ပေါ်လာသော သွေးဖိအားပြောင်းလဲမှုကို ခံနိုင်ရည်မရှိကြပေ။

**၄။ ကိုယ်ဝန်ဆောင် မိခင်များ**

ခန္ဓာကိုယ်တွင်း ဇီဝကမ္မပြောင်းလဲမှုများကြောင့် အပူဒဏ်ကို ပိုမိုထိခိုက်လွယ်သည်။

**နွေရာသီနှင့် အစားအသောက်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ (Foodborne Diseases)**

နွေရာသီ၏ ပြင်းထန်သောအပူရှိန်သည် လူသားများကိုသာမက ပတ်ဝန်းကျင်ရှိ အဏုဇီဝပိုးမွှားများ (Microorganisms) ကိုလည်း လျင်မြန်စွာပွားများလာစေသည်။ အပူချိန် 4°C မှ 60°C အတွင်းသည် ဗက်တီးရီးယားပိုးများ အဆမတန်ပွားများရန် အကောင်းဆုံးအခြေအနေ (Danger Zone) ဖြစ်သည်။ ထို့ကြောင့် နွေရာသီတွင် အစားအသောက်များ လွယ်လွယ်ကူကူ သိုးဟောင်းသွားခြင်း၊ ပုပ်သိုးသွားခြင်းတို့သည် အပူဒဏ်၏ နောက်ဆက်တွဲပြဿနာများဖြစ်သည်။

**၁။ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အစာအဆိပ်သင့်ခြင်း**

နွေရာသီတွင် အဖြစ်အများဆုံးမှာ အစာအဆိပ်သင့်ခြင်းဖြစ်သည်။ အစားအသောက်များကို စနစ်တကျမသိမ်းဆည်းခြင်း၊ ယင်နားခံခြင်းနှင့် မလတ်ဆတ်သော အသား၊ ငါးများကို စားသုံးခြင်းကြောင့် ဖြစ်ပေါ်လာရသည်။ စာမျက်နှာ ၁၃ သို့ ❑

❑ စာမျက်နှာ ၁၂ မှ

အထူးသဖြင့် ဆော်လ်မိုနဲလား (Salmonella) နှင့် အီကိုလိုင် (E. coli) ကဲ့သို့သော ဗက်တီးရီးယားပိုးများသည် အပူရှိန်အောက်တွင် မိနစ်ပိုင်းအတွင်း အဆပေါင်းများစွာ ပွားများနိုင်ကြသည်။ အစာအဆိပ်သင့်ပါက အော့အန်ခြင်း၊ ဝမ်းဗိုက်ရစ်နာခြင်းနှင့် ပြင်းထန်စွာဝမ်းလျှောခြင်းတို့ကို ခံစားရတတ်ပြီး ရေဓာတ်ခန်းခြောက်မှု (Dehydration) ကြောင့် အသက်အန္တရာယ်ရှိနိုင်ပါသည်။

**၂။ ကာလဝမ်းရောဂါ (Cholera)**

ကာလဝမ်းရောဂါသည် သန့်ရှင်းမှုမရှိသောရေနှင့် အစားအသောက်မှတစ်ဆင့် ကူးစက်တတ်သော ပြင်းထန်သည့်ရောဂါဖြစ်သည်။ နွေရာသီတွင် ရေရှားပါးမှုကြောင့် မသန့်ရှင်းသောရေများမှ ကာလဝမ်းရောဂါပိုး (Vibrio cholerae) ကူးစက်ရန် လွယ်ကူသွားသည်။ ဤရောဂါသည် ဆန်ဆေးရည်ကဲ့သို့ ဝမ်းများသွားခြင်းကိုဖြစ်စေပြီး နာရီပိုင်းအတွင်း လူကိုညှိုးနွမ်းသွားစေကာ ကုသမှုနောက်ကျပါက အသက်ဆုံးရှုံးနိုင်သည်အထိ ကြောက်မက်ဖွယ်ကောင်းလှသည်။

**၃။ အူရောင်ငန်းဖျားရောဂါ (Typhoid Fever)**

တိုက်ဖွိုက်ဟုခေါ်သော အူရောင်ငန်းဖျားသည်လည်း နွေရာသီ၏အပူဒဏ်နှင့်အတူ ယှဉ်တွဲပါလာတတ်သော ဘေးဆိုးတစ်ခုဖြစ်သည်။ ပိုးရှိသောသူ၏ မစင် သို့မဟုတ် ဆီးမှတစ်ဆင့် ရေနှင့် အစားအသောက်ထဲသို့ ပိုးများရောက်ရှိသွားခြင်းဖြစ်သည်။ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ နုံးချည့်ခြင်းနှင့် အစာအိမ်နာခြင်းတို့သည် အဓိကလက္ခဏာများဖြစ်ကြသည်။ နွေရာသီလမ်းဘေးစာများနှင့် ဖျော်ရည်များတွင် အသုံးပြုသောရေခဲများသည် မသန့်ရှင်းပါက တိုက်ဖွိုက်ပိုးကူးစက်ရန် အဓိကအရင်းအမြစ်များ ဖြစ်လာတတ်သည်။

**ရေအရင်းအမြစ်ရှားပါးမှုနှင့်**
**ကျန်းမာရေးဆက်စပ်ချက်**

နွေရာသီတွင် အပူရှိန်ကြောင့် မြေပေါ်ရေနှင့် မြေအောက်ရေအရင်းအမြစ်များ ခန်းခြောက်လာခြင်းသည် ကျန်းမာရေးအန္တရာယ်ကို ပိုမိုကြီးထွားစေသည်။

ရေရှားပါးလာသောအခါ လူများသည် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို လျှော့ချလာကြသည်။ ဤသည်မှာ ရောဂါပိုးမွှားများပျံ့နှံ့ရန် အခွင့်အလမ်းပိုပေးသကဲ့သို့ဖြစ်နေသည်။

**မသန့်ရှင်းသောရေကို သုံးစွဲရခြင်း**

သောက်သုံးရေ ပြတ်လပ်လာသောအခါ ကျေးလက်ဒေသများတွင် နုန်းတင်နေသောကန်ရေများ သို့မဟုတ် မသန့်ရှင်းသောမြစ်ရေများကို တိုက်ရိုက်သုံးစွဲလာကြသဖြင့် ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ (Waterborne Diseases) ပေါ်များလာရခြင်းဖြစ်သည်။

**နေရောင်ခြည်နှင့် ခရမ်းလွန်ရောင်ခြည်၏သဘာဝ**

နွေရာသီ၏ ပြင်းထန်သောအပူရှိန်နှင့်အတူ ပါလာသည်မှာ မြင်နိုင်သောအလင်းရောင်သာမက မျက်စိဖြင့်မမြင်နိုင်သော ခရမ်းလွန်ရောင်ခြည် (UV) များဖြစ်သည်။ UV ရောင်ခြည်ကို အဓိကအားဖြင့် UVA, UVB နှင့် UVC ဟူ၍ သုံးမျိုးခွဲခြားထားသော်လည်း ကမ္ဘာ့လေထုထဲသို့ UVA နှင့် UVB တို့သာ အဓိကကျရောက်လာကြသည်။ UVB သည် အရေပြားအပေါ်ယံလွှာကို လောင်ကျွမ်းစေပြီး UVA သည် အရေပြားအတွင်းပိုင်းအထိ ထိုးဖောက်ကာ အရေပြားကို အိုမင်းရင့်ရော်စေသည့်အပြင် ကင်ဆာဆဲလ်များဖြစ်ပေါ်စေရန် လှုံ့ဆော်ပေးသည်။

**၁။ နေလောင်ခြင်း (Sunburn)**

နွေရာသီတွင် အကာအကွယ်မပါဘဲ နေရောင်ခြည်အောက်၌ အချိန်ကြာမြင့်စွာနေထိုင်ပါက အရေပြားများ နီရဲလာခြင်း၊ ပူစပ်ပူလောင်ဖြစ်ခြင်းနှင့် အရည်ကြည်ဖုများထွက်ခြင်းတို့ ဖြစ်တတ်သည်။ နေလောင်ခြင်းသည် အရေပြားဆဲလ်များ၏ DNA ကို ထိခိုက်စေသဖြင့် ရေရှည်တွင် အရေပြားကင်ဆာဖြစ်နိုင်ခြေကို မြင့်တက်စေသည်။

> **❛ နွေရာသီတွင်ဝတ်ဆင်သည့် အဝတ်အထည်များသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အပူချိန်ကို အတက်အကျဖြစ်စေသည့် အဓိကအချက်တစ်ချက်ဖြစ်သည်။ သိပ္ပံနည်းအရ အနက်ရောင်နှင့် အရောင်ရင့်သောအထည်များသည် နေရောင်ခြည်ထဲရှိ လှိုင်းအလျားအားလုံးကို စုပ်ယူပြီး အပူအဖြစ် ပြောင်းလဲပေးသည်။ အဖြူရောင်နှင့် အရောင်ဖျော့သောအထည်များသည် နေရောင်ခြည်ကို အလင်းပြန်စေသဖြင့် ခန္ဓာကိုယ်ကို ပိုမိုအေးမြစေသည်။ ချည်သား (Cotton) နှင့် ပိတ်ချော (Linen)ထည်များသည် လေဝင်လေထွက်ကောင်းမွန်ပြီး ချွေးကို စုပ်ယူနိုင်စွမ်းမြင့်မား ❜**

**၂။ အပူဖုနှင့်မိတ်ဖုများ (Heat Rash/Prickly Heat)**

ချွေးထွက်လွန်သောအခါ ချွေးပေါက်များ ပိတ်ဆို့သွားပြီး အရေပြားအောက်တွင် ချွေးများ အောင်းနေခြင်းကြောင့် အနီဖုငယ်လေးများ ထွက်လာခြင်းဖြစ်သည်။ ယားယံခြင်းနှင့် စူးခနဲ စူးခနဲ ခံစားရခြင်းတို့ဖြစ်တတ်ပြီး ကလေးငယ်များတွင် ပိုမိုအဖြစ်များသည်။ သန့်ရှင်းမှုမရှိပါက ထိုအဖုများမှတစ်ဆင့် ပြည်တည်နာများနှင့် တခြားအရေပြားပိုးဝင်မှုများ ဆက်လက်ဖြစ်ပွားနိုင်ပါသည်။

**၃။ အရေပြား မှိုရောဂါများ (Fungal Infections)**

နွေရာသီ၏ စိုထိုင်းဆနှင့် ချွေးထွက်ခြင်းသည် မှိုပိုးများပွားများရန် အကောင်းဆုံးပတ်ဝန်းကျင်ဖြစ်သည်။ သင်းချာ၊ ပွေး၊ ညှင်း စသည့်ရောဂါများသည် ချွေးအောင်းတတ်သောနေရာများ (ဥပမာ- ချိုင်း၊ ပေါင်ကြား)တွင် အဖြစ်များလာသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းနှင့် အဝတ်အစားများကို လဲလှယ်ခြင်းမပြုပါက ဤမှိုရောဂါများမှာ ကုသရခက်ခဲသောအဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

**မျက်စိကျန်းမာရေးနှင့် အပူဒဏ်**

အပူရှိန်ပြင်းထန်မှုသည် အရေပြားကိုသာမက ကျွန်ုပ်တို့၏ နုနယ်သောမျက်စိများကိုလည်း ထိခိုက်စေသည်။

ပြင်းထန်သောအပူရှိန်နှင့် လေပူများကြောင့် မျက်စိအတွင်းရှိ မျက်ရည်လွှာများ လျင်မြန်စွာ ခန်းခြောက်သွားတတ်သည်။ မျက်စိစပ်ခြင်း၊ ကျိန်းခြင်းနှင့် အမြင်အာရုံဝေဝါးခြင်းတို့ ဖြစ်ပေါ်စေသည်။

နွေရာသီတွင် ဖုန်မှုန့်များပေါများခြင်းနှင့် ရေမသန့်ခြင်းတို့ကြောင့် ဗက်တီးရီးယား သို့မဟုတ် ဗိုင်းရပ်စ်ပိုးများ မျက်စိအတွင်းဝင်ရောက်ကာ မျက်စိနာခြင်းများ အစုလိုက်အပြုံလိုက် ဖြစ်ပွားတတ်သည်။

UV ရောင်ခြည်နှင့် အချိန်ကြာမြင့်စွာ ထိတွေ့ခြင်းသည် ရေရှည်တွင် မျက်စိအတွင်းတိမ်ဖြစ်ပေါ်မှုကို မြန်ဆန်စေပြီး အမြင်အာရုံကွယ်ပျောက်သည်အထိ ဖြစ်စေနိုင်ပါသည်။

**နေအိမ်နှင့် အဆောက်အအုံများအတွင်း**
**အပူဒဏ်လျှော့ချရေးနည်းလမ်းများ**

နွေရာသီတွင် ကျွန်ုပ်တို့ အချိန်အများဆုံး ကုန်ဆုံးရာနေရာမှာ နေအိမ်များဖြစ်ကြသည်။ သို့သော် အိမ်တွင်းအပူချိန်သည် ပြင်ပထက် ပိုမိုပူပြင်းနေပါက လူတို့၏အနားယူမှုကိုနှောင့်ယှက်ရုံသာမက ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည်။ အိမ်တွင်းအေးမြစေရန်အတွက် လျှပ်စစ်ပစ္စည်းများ (လေအေးပေးစက်၊ ပန်ကာ) ကိုသာ အားကိုးနေခြင်းထက် သဘာဝနည်းလမ်းများကို သိပ္ပံနည်းကျ အသုံးချရန်လိုအပ်သည်။

**၁။ လေဝင်လေထွက်စနစ် (Ventilation System)**

အိမ်တွင်းရှိ ပူနွေးသောလေများသည် အပေါ်သို့တက်လေ့ရှိသည့် သဘောသဘာဝရှိသည်။ ထို့ကြောင့် အိမ်၏အပေါ်ဘက်တွင် လေဝင်လေထွက်ပေါက်များထားရှိခြင်းက အပူများကို အပြင်သို့ စွန့်ထုတ်ရန် ကူညီပေးသည်။ နေ့လယ်ဘက် နေပူရှိန်ပြင်းချိန်တွင် ပြတင်းပေါက်များကို ပိတ်ထားပြီး လိုက်ကာများချထားခြင်းဖြင့် ပြင်ပမှ အပူလှိုင်းများ အိမ်ထဲသို့ဝင်ရောက်ခြင်းကို တားဆီးနိုင်သည်။ ညဘက် အပူချိန်ကျဆင်းသွားချိန်တွင်မှ ပြတင်းပေါက်အားလုံးကိုဖွင့်ကာ လေအေးများကို အိမ်ထဲသို့ စီးဝင်စေခြင်း (Cross Ventilation) ဖြင့် အိမ်ကို ပြန်လည်အေးမြစေနိုင်သည်။

**၂။ အမိုးနှင့် နံရံများ၏ အပူဒဏ်ကိုကာကွယ်ခြင်း**

မြန်မာနိုင်ငံရှိ အိမ်အများစုမှာ သွပ်မိုးများဖြစ်ကြသဖြင့် နေရောင်ခြည်အပူကို တိုက်ရိုက်စုပ်ယူတတ်သည်။ အိမ်ခေါင်မိုးကို အဖြူရောင် သို့မဟုတ် အလင်းပြန်နိုင်သော ဆေးများသုတ်ပေးခြင်းဖြင့် နေရောင်ခြည်၏ ၈၀ ရာခိုင်နှုန်းခန့်ကို ပြန်ကန်ထွက်သွားစေနိုင်သည်။ မျက်နှာကြက်နှင့် အမိုးကြားတွင် အပူကာပြားများ ထည့်သွင်းခြင်းဖြင့် အမိုးမှ ကျဆင်းလာသောအပူရှိန်ကို အခန်းထဲသို့ မရောက်အောင် တားဆီးနိုင်သည်။

**အဝတ်အထည်ရွေးချယ်မှုနှင့်**
**အရောင်၏ သိပ္ပံနည်းကျသဘောတရား**

နွေရာသီတွင် ဝတ်ဆင်သည့် အဝတ်အထည်များသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အပူချိန်ကို အတက်အကျဖြစ်စေသည့် အဓိကအချက်တစ်ချက်ဖြစ်သည်။ သိပ္ပံနည်းအရ အနက်ရောင်နှင့် အရောင်ရင့်သောအထည်များသည် နေရောင်ခြည်ထဲရှိ လှိုင်းအလျားအားလုံးကို စုပ်ယူပြီး အပူအဖြစ် ပြောင်းလဲပေးသည်။ အဖြူရောင်နှင့် အရောင်ဖျော့သောအထည်များသည် နေရောင်ခြည်ကို အလင်းပြန်စေသဖြင့် ခန္ဓာကိုယ်ကို ပိုမိုအေးမြစေသည်။ သို့သော် လေတိုက်ခတ်မှုရှိသောနေရာတွင် ပွပွချောင်ချောင်ဝတ်ဆင်ပါက အနက်ရောင်သည် ခန္ဓာကိုယ်မှထွက်သောအပူကို ပိုမိုစုပ်ယူပြီး လေနှင့်အတူ သယ်ဆောင်သွားနိုင်သည်ဟူသော ယူဆချက်အချို့လည်းရှိသည်။ သို့သော် နေပူထဲတွင်မူ အရောင်ဖျော့သည်က အကောင်းဆုံးဖြစ်သည်။ ချည်သား (Cotton) နှင့် ပိတ်ချော (Linen) ထည်များသည် လေဝင်လေထွက်ကောင်းမွန်ပြီး ချွေးကို စုပ်ယူနိုင်စွမ်းမြင့်မားသည်။ နိုင်လွန် (Nylon) သို့မဟုတ် ပိုလီစတာ (Polyester) ထည်များသည် ချွေးကိုမစုပ်ယူဘဲ အပူကို အောက်တွင်ပိတ်မိနေစေသဖြင့် အပူဖုများထွက်ခြင်းကို အားပေးသည်။

**အပူဒဏ်နှင့် စိတ်ကျန်းမာရေးဆက်စပ်မှု**

နွေရာသီ၏ ပြင်းထန်သောအပူရှိန်သည် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုသာမက စိတ်ပိုင်းဆိုင်ရာတည်ငြိမ်မှုကိုပါ ကြီးမားစွာရိုက်ခတ်စေသည်။ သိပ္ပံနည်းကျ သုတေသနပြုချက်များအရ အပူချိန်မြင့်မားလာသည်နှင့်အမျှ လူသားတို့၏ စိတ်ခံစားမှုပြောင်းလဲခြင်း၊ စိတ်တိုလွယ်ခြင်းနှင့် ဆင်ခြင်တုံတရားလျော့နည်းခြင်းတို့ ဖြစ်ပေါ်တတ်ကြောင်း တွေ့ရှိရသည်။

**၁။ အပူချိန်နှင့် စိတ်တိုဒေါသထွက်ခြင်း**

လူ့ခန္ဓာကိုယ်သည် အပူဒဏ်ကိုခံစားရသောအခါ စိတ်ဖိစီးမှုဟော်မုန်းဖြစ်သော ကော်တီစော (Cortisol) များထွက်ရှိလာသည်။ ထိုဟော်မုန်းကြောင့် လူတို့သည် သာမန်ထက် ပိုမိုစိတ်တိုလွယ်ခြင်း၊ သည်းခံနိုင်စွမ်းလျော့နည်းခြင်းနှင့် ရန်လိုခြင်း (Aggression) တို့ ဖြစ်ပေါ်လာသည်။ နွေရာသီတွင် လမ်းမပေါ်၌ ယာဉ်မောင်းသူများအကြား ခိုက်ရန်ဖြစ်ပွားမှုများခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများ မြင့်တက်လာခြင်းတို့မှာ အပူဒဏ်ကြောင့် စိတ်မရှည်နိုင်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေတတ်သည်။

**၂။ အိပ်စက်မှု ပြဿနာနှင့် စိတ်ပင်ပန်းနွမ်းနယ်မှု**

အပူချိန်မြင့်မားလွန်းသောညများတွင် လူတို့သည် ကောင်းမွန်စွာ အိပ်စက်နိုင်ခြင်းမရှိကြပေ။ ခန္ဓာကိုယ်သည် အနားယူရန်အတွက် အပူချိန်အနည်းငယ်ကျဆင်းရန် လိုအပ်သော်လည်း ပတ်ဝန်းကျင်က ပူနေပါက အိပ်မပျော်ခြင်း (Insomnia) ဖြစ်ပွားသည်။ အိပ်ရေးမဝခြင်းသည် နောက်တစ်နေ့၏ အာရုံစူးစိုက်မှုကို လျော့နည်းစေပြီး စိတ်ပင်ပန်းနွမ်းနယ်မှု (Mental Fatigue) ကို ဖြစ်စေကာ လုပ်ငန်းခွင်အတွင်း အမှားအယွင်းများ ဖြစ်ပေါ်စေနိုင်သည်။

**နိုင်ငံတကာ၏ အပူဒဏ်ကာကွယ်ရေး**
**အကောင်းဆုံးအလေ့အကျင့်များ**

ကမ္ဘာ့တစ်ဝန်းတွင် အပူချိန်မြင့်တက်လာမှုသည် နိုင်ငံတကာပြဿနာတစ်ခုဖြစ်လာသည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အပူဒဏ်ကိုရင်ဆိုင်ရန် စနစ်တကျ ပြင်ဆင်လာကြသည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံကဲ့သို့ မြို့ပြနိုင်ငံများတွင် “City in a Garden” မူဝါဒကို ကျင့်သုံးပြီး အဆောက်အအုံများ၏ အမိုးနှင့် နံရံများတွင် သစ်ပင်များစိုက်ပျိုးခြင်း (Vertical Greening) ဖြင့် မြို့ပြအပူချိန်ကို လျှော့ချကြသည်။ ဩစတြေးလျနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင်မူ အစိုးရက “Heat Action Plan” များကို ရေးဆွဲထားပြီး အပူချိန် အလွန်အမင်းမြင့်တက်မည့် နေ့ရက်များတွင် အများပြည်သူနားခိုရန် “Cooling Centers” (အေးမြသော အများသုံးနားနေဆောင်များ)ကို ဖွင့်လှစ်ပေးခြင်း၊ အလုပ်လုပ်ချိန်ကို ပြောင်းလဲသတ်မှတ်ခြင်းနှင့် ရေဓာတ်ဖြည့်တင်းရန် နေရာများကို လမ်းဘေးများတွင် စီစဉ်ပေးခြင်းတို့ ပြုလုပ်ကြသည်။ ဤသည်မှာ ကျွန်ုပ်တို့ မြန်မာနိုင်ငံအတွက်လည်း အတုယူဖွယ်ရာကောင်းသောအချက်များဖြစ်သည်။

**အစိုးရနှင့် ပြည်သူတို့၏**
**ဟန်ချက်ညီပူးပေါင်းဆောင်ရွက်မှု**

အပူဒဏ်ကို တစ်ဦးတစ်ယောက်တည်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်းက တိုက်ဖျက်၍ မရနိုင်ပေ။

အစိုးရ၏ အခန်းကဏ္ဍအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ အပူချိန်သတိပေးချက်များကို ထုတ်ပြန်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနက အပူလျှပ်ခြင်းနှင့်ပတ်သက်၍ ရှေးဦးသူနာပြုစုနည်းများကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးခြင်းနှင့် လျှပ်စစ်ဓာတ်အားကို နွေရာသီတွင် အလှည့်ကျစနစ်ဖြင့် မျှတစွာခွဲဝေပေးခြင်းတို့သည် အလွန်အရေးကြီးသည်။

ပြည်သူတို့၏ အခန်းကဏ္ဍအနေဖြင့် မိမိတို့၏ နေအိမ်ပတ်ဝန်းကျင်တွင် သစ်ပင်တစ်ပင်စိုက်ပျိုးခြင်း၊ လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲခြင်းနှင့် အပူဒဏ်ခံစားနေရသော လမ်းဘေးရှိ မိမိထက်နိမ့်ပါးသူများ၊ တိရစ္ဆာန်များကို ရေကုသိုလ်ပြုခြင်းဖြင့် လူသားချင်းစာနာမှုကို ပြသရမည်ဖြစ်သည်။ နွေရာသီကို ကြံ့ကြံ့ခံအန်တုနိုင်မည့် အနာဂတ်ကျွန်ုပ်တို့သည် သဘာဝတရား၏ အပြောင်းအလဲကို တားဆီး၍မရနိုင်သော်လည်း ကျွန်ုပ်တို့၏ “သတိ” နှင့် “အသိ” ကို အသုံးပြုကာ ဘေးအန္တရာယ်ကိုလျှော့ချနိုင်သည်။ နွေရာသီသည် ပူလောင်သည်ဟုဆိုသော်လည်း အပူဒဏ်ကို ကြိုတင်ကာကွယ်ခြင်း၊ ရင်ဆိုင်တုံ့ပြန်ခြင်းနှင့် အနာဂတ်အတွက် ပြင်ဆင်ခြင်းဟူသော မဏ္ဍိုင်သုံးရပ်ကို စနစ်တကျ ကျင့်သုံးမည်ဆိုပါက ကျွန်ုပ်တို့၏ လူမှုအသိုက်အဝန်းသည် အေးမြသောနွေဦးကို ပြန်လည်ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

နွေအပူရှိန်သည် ပြင်းထန်လှသော်လည်း ကျွန်ုပ်တို့တွင် အသိပညာရှိနေသရွေ့ အကြောက်တရားမရှိဘဲ ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းနိုင်မည်မှာ ဧကန်မလွဲပင်ဖြစ်သည်။ မိမိကိုယ်ကို ဂရုစိုက်ပါ၊ ပတ်ဝန်းကျင်ကို အေးမြအောင် ဝိုင်းဝန်းကူညီပါ၊ အပူဒဏ်အန္တရာယ်မှ ကင်းဝေးကြပါစေကြောင်း ဆန္ဒပြုရင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်စဉ် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

☆ ကျောဖုံးမှ

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် သဖန်းဆိပ်ရေလှောင်တမံနှင့် ပတ်ဝန်းကျင်ကျေးရွာများအား ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ပြန်လည်ရရှိရေးအတွက် လိုအပ်သည့်စုဖွဲ့မှုများအား စနစ်တကျဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီ ပေါင်းစပ်ကာ တိုက်ပွဲဝင်အရာရှိ စစ်သည်များ၏ စိတ်ဓာတ်တက်ကြွ၍ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုတို့ဖြင့် အဆိုပါဆည်ကြီးရှိ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးမှုမရှိစေရေး ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ချေမှုန်းခဲ့ရာ သဖန်းဆိပ်ရေလှောင်တမံအား မတ် ၂၈ ရက်တွင် လည်းကောင်း၊ အဆိုပါရေလှောင်တမံ၏ အနောက်ဘက် မီတာ ၅၀၀၀ ခန့်အကွာတွင် တည်ရှိသော အင်တိုင်းကျေးရွာအား ယနေ့ မွန်းလွဲပိုင်းတွင်လည်းကောင်း ပြန်လည်သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်ကျဆုံးမှုများစွာဖြင့် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားကြသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားစဉ် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် စက်ရုံရှိ လျှပ်စစ်ဓာတ်အားပေး စက်ပစ္စည်းကိရိယာများ ပျက်ဆီးဆုံးရှုံးခဲ့ရသည်။ ထို့ပြင် အင်တိုင်းကျေးရွာအတွင်းရှိ အပြစ်မဲ့ဒေသခံပြည်သူများ၏ နေအိမ်များကို ဆက်လက်မီးရှို့ဖျက်ဆီးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနှင့် လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြရသည်။

အကြမ်းဖက်သောင်းကျန်းသူများက သဖန်းဆိပ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ယာယီစိုးမိုးထိန်းချုပ်ခဲ့ပြီး အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ တန်ဖိုးကြီးပစ္စည်းများကို ယူဆောင်သွားခြင်း၊ ဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ သဖန်းဆိပ်ရေလှောင်တမံသည် စိုက်ပျိုးမြေဧက ငါးသိန်းကျော်ကို အဓိကရေပေးဝေနေသော တမံတစ်ခုဖြစ်သည်။ ထို့ပြင် သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည်လည်း နိုင်ငံတော်ဓာတ်အားပေးစနစ်တွင် လျှပ်စစ်ပုံမှန်ပို့လွှတ်ပေးနေသော စက်ရုံတစ်ခုဖြစ်ပြီး အဆိုပါစက်ရုံအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်မှုမှာလည်း ပျက်စီးဆုံးရှုံး၍ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ထိခိုက်နစ်နာခဲ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံအား မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ပြန်လည်လည်ပတ်နိုင်ရေး ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် မေ ၆**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ၎င်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၈၀၀ တန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၆**

တပ်ကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၈၀၀ တန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ညနေ ၅ နာရီတွင် သတင်းအရ တပ်ကုန်းမြို့နယ် ပင်လောင်း-နေပြည်တော် ကားလမ်း မိုင်တိုင်အမှတ်(၇/၀) အနီးတွင် ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ခွန်ထွန်းချစ်(၂၀)နှစ် မောင်းနှင်ပြီး ပင်လောင်းမြို့နယ် နဂါးပတ်ကျေးရွာနေ ခွန်ငြိမ်းချမ်း(၂၀)နှစ်နှင့် ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ခွန်နေဝင်းထွန်း(၂၀)နှစ်လိုက်ပါလာသော CROWN အမျိုးအစား ယာဉ်နှင့်ပင်လောင်းမြို့နယ်လိန်းလီကျေးရွာနေ ကိုလင်း(၂၈)နှစ် မောင်းနှင်ပြီး ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ခွန်မောင်(၂၂)နှစ် လိုက်ပါလာသော DREAM 125 အမျိုးအစား ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ငါးဦး သယ်ဆောင်လာသည့်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀(တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၈၀၀) သိမ်းဆည်းရမိသဖြင့် ကိုလင်း၊ ခွန်မောင်၊ ခွန်ထွန်းချစ်၊ ခွန်ငြိမ်းချမ်းနှင့် ခွန်နေဝင်းထွန်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မေ ၄ ရက်မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု နောင်ရှန်ကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ် ပိန်းခမ်းကျေးရွာနေ ကျအူ(၅၀)နှစ် မောင်းနှင်လာသော WAVE i 125 အမျိုးအစားဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၇၀)သိမ်းဆည်းရမိသဖြင့် ကျအူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



ကိုလင်း၊ ခွန်မောင်၊ ခွန်ထွန်းချစ်၊ ခွန်ငြိမ်းချမ်းနှင့် ခွန်နေဝင်းထွန်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# (၆-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၄၁၀,၈၆၃.၇၁ | ၃၃,၇၉၅,၀၈၀.၉၄ | ၁၅,၇၀၅,၄၇၄.၂၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့် ဆေးဝါးပစ္စည်း ကုန်ကြမ်းပစ္စည်း၊ တိရစ္ဆာန်အစာ ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ် အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းနှင့် စားသုံးကုန်စည်များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ဒသမ ၉၉ သန်းကိုလည်းကောင်း၊ စက်သုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ၂၆ သန်း ကိုလည်းကောင်း၊ ပုံနှိပ်ပစ္စည်းကဏ္ဍ၊ စားသောက်ကုန်ကြမ်းကဏ္ဍ၊ လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ဆေးနှင့် ဆေးဝါးပစ္စည်း ကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့သို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၆**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ကော့မှူးမြို့နယ်၌ ပန်းချီ၊ ဂျပန်စကားပြော အဆင့်မြင့်သင်တန်း ဖွင့်လှစ်

**ကော့မှူး မေ ၆**

ပန်းချီ၊ ဂျပန်စကားပြော အဆင့်မြင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ပန်းချီ၊ဂျပန်စကားပြောပညာကို ပိုမိုတတ်မြောက်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အခြေခံကွန်ပျူတာသင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီအဖွဲ့ဝင် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီက ပန်းချီသင်ခန်းစာသည် ကျောင်းသင်ခန်းစာအတွက် အထောက်အကူပြုကြောင်း ပြောကြားပြီး ပန်းချီပညာရှင် ဦးနေနွယ်အောင်က ပန်းချီ၏ သဘောတရားနှင့် အခြေခံပန်းချီပညာရပ်များဖြစ်ကြသည့် မျဉ်းဖြောင့်၊ မျဉ်းကွေး၊ မျဉ်းယိုင်များဖြင့် ပန်းချီတည်ဆောက်ပုံများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးထားပြီးဖြစ်သဖြင့် အဆင့်မြင့် ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကို မေလစတုတ္ထပတ်အထိ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ (ပြန်/ဆက်)**

# ပုသိမ်မြို့၌ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသဆောင်ရွက်

**ပုသိမ် မေ ၆**

ဧရာဝတီတိုင်း ဒေသကြီး မီးသတ်ဦးစီးဌာနက ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးငြိမ်းသတ်ရေးသရုပ်ပြသခြင်းနှင့် မီးသတ်ပညာပေးစာစောင် ဝေငှခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းကို ဧရာဝတီတိုင်း ဒေသကြီး အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ညွှန်ကြားရေးမှူးများက ကြည့်ရှုအားပေးခဲ့ရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူတို့ဦးဆောင်၍သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ရာ အရာထမ်း၊ အမှုထမ်း စုစုပေါင်းအင်အား ၂၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းကိုအောင်**

# မိုးညိုမြို့၌ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မိုးညို မေ ၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို မေ ၅



ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့်အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် သတိလစ်ခြင်း လက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသနိုင်ရေးတို့ကို အသံချဲ့စက်ဖြင့် လိုက်လံကြေညာပြီး အပူဒဏ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို ဈေးရောင်း ဈေးဝယ်ပြည်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၆ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td>ဗိုလ်ထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ဥတ္တရသီရိရေလှောင်တမံ ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆင်သေရေလွှဲဆည်အသစ်တည်ဆောက်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်တွင်တည်ရှိသည့် ဥတ္တရသီရိရေလှောင်တမံသို့ သွားရောက်၍ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် မြေသားတမံပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် အကူရေပိုလွှဲအနီးတွင် ရေတံခါးတပ် အရေးပေါ်ရေပိုလွှဲ ထပ်မံဖြည့်စွက်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရေတံခါးတပ်အရေးပေါ်ရေပိုလွှဲကို အတည်ပြုဒီဇိုင်းပုံစံများအတိုင်း အရည်အသွေးပြည့်မီစွာ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ အရေးပေါ်ရေပိုလွှဲနှင့် မြေသားတမံ ထိစပ်သောနေရာများတွင် မြေပြန်ဖို့ရာ၌ မြေသားသိပ်သည်းမှုကောင်းမွန်စေရန်အတွက် အလွှာအလိုက်တစ်ဆင့်ချင်း စနစ်တကျဆောင်ရွက်ရန်၊ မြေသားတမံပြုပြင်ခြင်းလုပ်ငန်းတွင် အပေါ်ယံမြေလွှာများအား စနစ်တကျဖယ်ရှားရန်၊ မြေသားများ ပြန်လည်ဖို့ကြိတ်ရာတွင်လည်း သင့်လျော်ကောင်းမွန်သည့် မြေအမျိုးအစားဖြင့် အလွှာလိုက်ဖို့၍ သိပ်သည်းမှုကောင်းအောင် စနစ်တကျဆောင်ရွက်ရန်၊ တမံအခြေရှိ ရေစစ်ကျောက်ရိုးကို အရည်အသွေးကောင်းမွန်သည့်ကျောက်များဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ဆောင်ရွက်ရန်၊ တမံမှ ရေစစ်လွှာများနှင့် ရေစစ်ကျောက်ရိုးတို့အား ကောင်းမွန်စွာ ချိတ်ဆက်မိစေရေး ဂရုပြုဆောင်ရွက်ရန်၊ ဆည်အတွင်း ရေသိုလှောင်မှု လျော့နည်းနေသည့်အချိန်တွင် ပြုပြင်ခြင်းဖြစ်သောကြောင့် တမံအတွင်း စုဆောင်းပြီးရေများကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ မြို့ရေပေးဝေရေးအတွက် သုံးစွဲနိုင်ရေးနှင့် လုပ်ငန်းအမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ဥတ္တရသီရိရေလှောင်တမံသည် ရေဆင်းဧရိယာ ဧက ၁၅၀၀၀၊ တမံအမြင့်ပေ ၆၀၊ တမံအလျားပေ ၁၁၂၀ ရှိမြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ၂၀၀၈–၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းရေး) က တာဝန်ယူထိန်းသိမ်းထားသော တမံတစ်ခုဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီး ဆင်သေရေလွှဲဆည်အသစ် တည်ဆောက်မည့်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက ဆင်သေရေလွှဲဆည်အသစ် တည်ဆောက်ခြင်းလုပ်ငန်းအား ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အကြိုတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေလွှဲဆည်အူကြောင်း (Alignment) ရွေးချယ်ထားရှိမှု၊ သတ်မှတ်ဒီဇိုင်းပုံစံအရ မြေပြင်အနေအထားနှင့် ကိုက်ညီမှု ရှိ၊ မရှိ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ သတ်မှတ် Schedule အစီအစဉ်များအတိုင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဆင်သေရေသောက်စနစ် လက်ယာမြောင်းမကြီးနှင့် လက်ဝဲမြောင်းမကြီး လက်တံတစ်မြောင်း အဖျားပိုင်းအထိ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆင်သေရေလှောင်တမံအနေဖြင့် ယခုနှစ် (၂၀၂၅–၂၀၂၆) နွေသီးနှံရာသီတွင် နွေစပါးနှင့် နွေအခြားသီးနှံ လျာထားဧကပေါင်း ၁၁၅၈၀ ရှိသည့်အနက် ယနေ့အထိ နွေစပါး ၈၄၈၈ ဧကနှင့် နွေအခြားသီးနှံ ဧက ၈၈၀ ကို စိုက်ပျိုးရေပေးဝေထားရှိပြီး ကျန်ဧကများကိုလည်း စိုက်ပျိုးရေ ဆက်လက်ပေးဝေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကောက်ခွန်ဦးစီးဌာန၏ MACCS Online Payment System အား ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ဖြင့် စတင်အသုံးပြု

ရန်ကုန် ဧပြီ ၆

MACCS Online Payment System အား ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ဖြင့် အသုံးပြုကြောင်း ကြေညာခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှိ ဇေယျာသီဟအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ရောဝတီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်၊ သမဝါယမဘဏ်လီမိတက်၊ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်နှင့် ရိုးမဘဏ်လီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားသည်။ ယင်းနောက် ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ကိုယ်စား ရောဝတီဘဏ်လီမိတက်က စနစ်ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး MACCS Online Payment System အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုမှတ်တမ်းကိုပြသ၍ ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ဖြင့် MACCS Online Payment System အား MACCS စနစ်အသုံးပြုသော ဒေသများတွင် စတင်အသုံးပြုကြောင်း ကြေညာသည်။



**သတင်းစဉ်**



## ဝန်ကြီးချုပ် အနုတင်ချက်ဗီရာကား ဦးဆောင်သည့် ထိုင်းညွန့်ပေါင်းအစိုးရ ကျမ်းသစ္စာကျိန်ဆို

**ဗန်ကောက် ဧပြီ ၆**

ထိုင်းဝန်ကြီးချုပ် အနုတင်ချက်ဗီရာကား ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရသည် ဧပြီ ၆ ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း တော်ဝင်အမိန့်ထုတ်ပြန်ပြီးနောက် ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရအဖွဲ့ဝင်ဝန်ကြီး ၃၅ ဦးပါဝင်သည့် ထိုင်းအစိုးရအဖွဲ့သည် ဘုရင်ဝိဇယလောင်ကွန်း၏ ရှေ့တော်တွင် ဗန်ကောက်မြို့ ဒူးဆစ်နန်းတော်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဝန်ကြီးချုပ် အနုတင်ချာဗီရာကား အပါအဝင် ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ တက်ရောက်ခဲ့သည်။ ကျမ်းသစ္စာကျိန်ဆိုပွဲပြီးသည့်အချိန်တွင် ဝန်ကြီးအဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့သည်။

ဝန်ကြီးချုပ်အနေဖြင့် မကြာမီရက်များအတွင်း ပါလီမန်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ မတ်လတွင်ကျင်းပသည့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် အနုတင်ချာဗီရာကားအား ဝန်ကြီးချုပ်ရာထူးသက်တမ်းအတွက် ဒုတိယအကြိမ်ထမ်းဆောင်ရန် ရွေးချယ်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများလျှော့ချရန် တရုတ်နှင့် ရုရှား ပူးပေါင်းဆောင်ရွက်မည်

**ပေကျင်း ဧပြီ ၆**

တရုတ်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းအရေးတွင် တင်းမာမှုများ လျှော့ချရေးအတွက် ရုရှားနိုင်ငံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လုပ်ငန်းမူဘောင်များအရ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ဒေသတွင်းနှင့် ကမ္ဘာကြီး၏ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်း ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဧပြီ ၅ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာဂျီလတ်ဗ်ရော့ဒ်နှင့် ဖုန်းဖြင့် ဆွေးနွေးရာတွင် ဝမ်ယိက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်နှင့် ရုရှားတို့သည် တရားမျှတမှုစည်းမျဉ်းကို အခြေခံပြီး မျှတသည့် ချဉ်းကပ်မှုပုံစံဖြင့် နိုင်ငံတကာမှ နားလည်မှုနှင့် ထောက်ခံမှုကို ရယူဆောင်ရွက်မည်ဖြစ်ကြောင်း ဝမ်ယိက ပြောကြားသည်။

**ပြောကြား**

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းအရေးများတွင် ဆွေးနွေးမှုနှင့် ညှိနှိုင်းဆောင်ရွက်မှု နည်းလမ်းကိုသာ ကိုယ်စားပြုဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အရှေ့အလယ်ပိုင်းအရေးသည် လက်ရှိအချိန်တွင် ဆိုးရွားသည့် အခြေအနေသို့ ရောက်ရှိနေသောကြောင့် ယင်းဒေသတွင် လက်နက်ကိုင် ပဋိပက္ခ အမြန်ဆုံးပြီးစီးရေး၊ ဟော်မုဇ်ရေလက်ကြားတွင် ခရီးသွားလာမှုများ ပုံမှန်ဖြစ်စေရေးနှင့် အပစ်အခတ် ရပ်စဲရေးတို့ကို ဆောင်ရွက်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



ရုရှားနိုင်ငံ အနေဖြင့်လည်း အရှေ့အလယ်ပိုင်း ဒေသတွင် တင်းမာမှုများ မြင့်တက်လာသည်ကို ပူပန်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလတ်ဗ်ရော့ဒ်က ပြောကြားသည်။

အရှေ့ အလယ်ပိုင်းတွင် ဆောင်ရွက်နေသည့် စစ်ဆင်ရေးများကို အမြန်ဆုံးရပ်တန့်ရန်နှင့် သံတမန်ရေးနှင့် နိုင်ငံရေးနည်းလမ်းများဖြင့်သာ ပဋိပက္ခကို အမြန်ဆုံး အဆုံးသတ်ရမည် ဖြစ်သဖြင့် ၎င်းကဲ့သို့ဖြစ်လာစေရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြုသဘောဖြင့် ပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ရုရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် လက်တွဲကာ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခပြီးဆုံးရေးနှင့် အပစ်အခတ်ရပ်စဲရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**




## နိုင်ငံတကာ Artemis မစ်ရှင်၏ အိုးရီးယင့်အာကာသယာဉ် လ၏ ဆွဲငင်အားစက်ဝိုင်းထဲသို့ ဝင်ရောက်

**တိုကျို ဧပြီ ၆**

အမေရိကန်ဦးဆောင်သော နိုင်ငံတကာ Artemis မစ်ရှင်၏ အာကာသယာဉ်မှူးများကို တင်ဆောင်ထားသည့် အိုးရီးယင့် အာကာသယာဉ်သည် လ၏ ဆွဲငင်အားစက်ဝိုင်းထဲသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

၎င်းစက်ဝိုင်းအတွင်းသို့ ဝင်ရောက်သည့်အချိန်သည် ဧပြီ ၆ ရက် နံနက် ၄ နာရီ မိနစ် ၄၀ တွင် ဖြစ်ကြောင်း သိရသည်။

**လွှတ်တင်**

Artemis အစီအစဉ်အရ အမေရိကန် အာကာသအေဂျင်စီ NASA သည် ၂၀၂၈ ခုနှစ်တွင် အာကာသယာဉ်မှူးများကို လပေါ်သို့ ဆင်းသက်ရန် ရည်ရွယ်ထားရာ အကြိုခရီးစဉ်အဖြစ် လွှတ်တင်ခြင်းဖြစ်သည်။ အိုးရီယင့် အာကာသယာဉ်ကို တင်ဆောင်ထားသော ဒုံးပျံအား ဧပြီ ၁ ရက်တွင် ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစင်တာမှ လွှတ်တင်ခဲ့သည်။

ယခုအာကာသယာဉ်သည် ၁၉၇၂ ခုနှစ်တွင် အပိုလို ၁၇ အာကာသယာဉ် လကမ္ဘာပေါ်သို့ရောက်ရှိခဲ့ပြီးနောက် လကမ္ဘာပေါ်သို့ လူသားများ ထပ်မံရောက်ရှိခြင်းဖြစ်သည်။ ၎င်းအာကာသယာဉ် လကမ္ဘာကို ဖြတ်သန်းပျံသန်းစဉ်အာကာသယာဉ်မှူးများက လကို မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးရမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

## မလေးရှားနိုင်ငံ၌ အပူချိန်မြင့်မားမှု၊ မီးလောင်မှုများနှင့် ဆည်ရေ ခန်းခြောက်မှုများ ကာကွယ်ရေးအတွက် ရာသီဥတုဆိုင်ရာ နည်းပညာအသုံးပြုမည်

**ကွာလာလမ်ပူ ဧပြီ ၆**

မလေးရှားနိုင်ငံ၌ အပူချိန်မြင့်မားမှု၊ မီးလောင်မှုများနှင့် ဆည်ရေ ခန်းခြောက်မှုများကို ကာကွယ်ရေးအတွက် မိုးတိမ်များကို အားဖြည့်သည့် ရာသီဥတုဆိုင်ရာ နည်းပညာကို အသုံးပြုမည်ဖြစ်ကြောင်း သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး အာသာဂျိုးဇက်ကူရက်က ဧပြီ ၆ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း အပူချိန်မြင့်မားခြင်းကို ကာကွယ်ရေးအတွက် ဧပြီ ၆ ရက်မှ ၉ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ ဒေသများတွင် နောက်သုံးရက်အတွင်း အပူချိန် ၃၇ ဒီဂရီဆဲလ်စီးယပ်ထက် ကျော်မည်ဟု ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်း အပူချိန်မြင့်မားခြင်းကို ကာကွယ်ရေးအတွက် မိုးတိမ်များကို အားဖြည့်သည့် ရာသီဥတုဆိုင်ရာ နည်းပညာကို အသုံးပြုမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် မလေးရှားနိုင်ငံ မိုးလေဝသဌာန၊ အမျိုးသားသဘာဝဘေးလျှော့ချရေးအေဂျင်စီနှင့် မလေးရှားနိုင်ငံ တော်ဝင်လေတပ်မတော်တို့က ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ နိုင်ငံအတွင်းရှိ ဆည်များတွင် ရေလုံလောက်စွာ ရရှိစေရေးနှင့် မီးလောင်မှုများမှ ကာကွယ်ရေးအတွက်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံသားများအနေဖြင့် ရေကို ချင့်ချိန်သုံးစွဲရေးနှင့် လေထုအရည်အသွေး ထိန်းသိမ်းရေးအတွက် ဟင်းလင်းပြင်များတွင် မီးရှို့ခြင်းမှ ရှောင်ရှားရန် ၎င်းကညွှန်ကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## အီရန်၊ အမေရိကန်နှင့် ဒေသတွင်း စေ့စပ်ညှိနှိုင်းသူများက ပဏာမ ၄၅ ရက် အပစ်အခတ်ရပ်စဲရေးကာလသတ်မှတ်ရေး ဆွေးနွေး

**ဝါရှင်တန် ဧပြီ ၆**

အီရန်၊ အမေရိကန်နှင့် ဒေသတွင်း စေ့စပ်ညှိနှိုင်းသူများအနေဖြင့် ပဏာမ ၄၅ ရက် အပစ်အခတ်ရပ်စဲရေးကာလသတ်မှတ်ရန် ဆွေးနွေးနေကြောင်း သိရသည်။ ၎င်းအပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးရရှိရေးဆောင်ရွက်မည်ဟု သိရသည်။

ယခုအစီအစဉ်အရ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ရာတွင် အပိုင်းနှစ်ပိုင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ပထမအဆင့်တွင် ပဏာမ ၄၅ ရက် အပစ်အခတ်ရပ်စဲရေးကာလသတ်မှတ်ရန်နှင့် ဒုတိယအဆင့်တွင် လက်နက်ကိုင်ပဋိပက္ခ အပြီးတိုင်ပြီးဆုံးရေးအတွက် ဆွေးနွေးမည်ဖြစ်သည်။ အကယ်၍ ဆွေးနွေးရန် အချိန်ကာလလိုအပ်ပါက အပစ်အခတ်ရပ်စဲရေးကို အချိန်တိုးမြှင့်သတ်မှတ်မည်ဖြစ်သည်။

နောက်ဆုံးအဆင့် ဆွေးနွေးရာတွင် ဟော်မုဇ်ရေလက်ကြား အပြည့်အဝ ပြန်လည်ဖွင့်လှစ်ရေးနှင့် အီရန်နိုင်ငံ၏ ယူရေနီယံသတ္တုထုတ်လုပ်မှုကန့်သတ်ရေးတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သမ္မတကြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးတော်ဝင်ညီညွတ်သော**
**အိမ်ခြံမြေအကျိုးဆောင်အသင်း**

---

MRF
Myanmar Rice Federation

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပထမ ပုံမှန်အစည်းအဝေး၊ တတိယနေ့၌ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်နိုင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံ့အကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှု၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ၏ ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုများဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံ့စီးပွားမြင့်တင်နိုင်ရေး၊ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများနှင့် ပြည်သူလူထု၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး တို့ကို တိုးမြှင့်ဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ပြုအပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အနေဖြင့် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ လွှတ်တော်ကော်မတီများ၊ ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံ့အကျိုး၊ ဆန်စပါးကဏ္ဍအကျိုးကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆန္ဒပြုလျက် နိုင်ငံတော်အစိုးရသစ်အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်သောပစ္စည်းများဝယ်ယူခြင်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | D.D.P | တင်ဒါတင်သွင်းရမည့် နေ့ရက်နှင့်အချိန် |
|---|---|---|---|
| (က) | 001/DHPI/Fuel/2026–2027 | At Site | (၂၈–၄–၂၀၂၆) (၁၂ : ၀၀) နာရီ |
| (ခ) | 002/DHPI/ Deformed Bar/ 2026–2027 | At Site | (၂၈–၄–၂၀၂၆) (၁၂ : ၀၀) နာရီ |

၂။ တင်ဒါရောင်းချမည့်ရက် – (၇–၄–၂၀၂၆) ရက်မှ (၂၇–၄–၂၀၂၆) ရက်အထိ
၃။ တင်ဒါရောင်းချမည့်အချိန် – (၁၀ : ၀၀) နာရီမှ (၁၅ : ၃၀)နာရီအထိ
၄။ တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ – ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။
၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်–

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း–၀၉–၂၆၄၆၃၉၆၉၆၊ ၀၉–၇၉၇၅၉၉၃၄၃**

---

**ဥတုရာသီ**
**တောကို**
**မှီ၏**

---

### ✣ အက်ဖ်အေဖလားမှ

လိဗ်ဒ်စ်ယူနိုက်တက် အသင်းဟာ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ကို နှစ်ပေါင်း ၃၉ နှစ်အတွင်း ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လိဗ်ဒ်စ်ယူနိုက်တက် အသင်းဟာ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်မှာ ဝက်စ်ဟမ်းအသင်းကို သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ လိဗ်ဒ်စ်ယူနိုက်တက်အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဆောက်သမ်တန် အသင်းကတော့ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ကို ၂၀၂၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် တက်လှမ်းခဲ့တာဖြစ်ပါတယ်။

လက်ရှိ အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့် တက်လှမ်းခဲ့တဲ့အသင်းတွေထဲမှာ ချယ်လ်ဆီးအသင်းက အက်ဖ်အေဖလား ရှစ်ကြိမ်ဆွတ်ခူးထားပြီး မန်စီးတီးအသင်းက ခုနစ်ကြိမ်ဆွတ်ခူးထားတာဖြစ်ပါတယ်။

အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တွေကိုတော့ ဧပြီ ၂၅ ရက်နဲ့ ၂၆ ရက်တို့မှာ ယှဉ်ပြိုင်ကစားမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

### ❂ အာဆီယံမှ

ပြန်လည်တည်ဆောက်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာဆီယံထိပ်သီးအသင်းများနှင့် ယှဉ်ပြိုင်ရာတွင် လိုအပ်ချက်များရှိနေဆဲဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (B) ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ဘရူနိုင်းအသင်းကို ခုနစ်ဂိုးပြတ်၊ ဩစတြေးလျအသင်းက မလေးရှားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုဒုတိယနေ့ကို ဧပြီ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဘရူနိုင်းအသင်းနှင့် ဩစတြေးလျအသင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် တီမောအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၈၂၁/က)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၈၂၁/က)၊ အောင်သပြေ(၉)လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအေးလှိုင်[၁၂/သကတ(နိုင်)၀၅၈၃၂၁]၊ ဒေါ်ခင်တင့်[၁၂/သကတ(နိုင်)၁၁၄၅၄၇]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးအေးလှိုင်(ဖခင်)နှင့် ဒေါ်ခင်တင့်(မိခင်)တို့ ကွယ်လွန်ကြသဖြင့် သားသမီးများဖြစ်သော ဒေါ်သီဂီမော်[၁၂/သကတ(နိုင်)၀၈၀၅၈၅]၊ ဒေါ်သင်းသင်းလှိုင်[၁၂/သကတ(နိုင်)၀၈၁၅၇၆]၊ ဒေါ်စုစုလှိုင်[၁၂/သကတ(နိုင်)၀၈၁၅၇၇]၊ ဦးကျော်မင်းထွန်း[၁၂/သကတ(နိုင်)၁၄၄၄၆၇]တို့မှ မိမိတို့ကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးအေးလှိုင်(ဖခင်)နှင့် ဒေါ်ခင်တင့်(မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ ပထမမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ဆင်ဇေရီလမ်း၊ မြေကွက်အမှတ်(၁၀၃၀)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေရှိ **ပါမစ်မြေ အမျိုးအစားမြေကွက်နှင့်** ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက် **ဒေါ်သိန်းတင်အောင်**ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်မိငယ်[၁၂/ဒဂတ(နိုင်)၁၄၇၉၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးမောင်မောင်[၁၂/ဒဂတ(နိုင်)၁၃၅၁၀၄]**သည် **(၅–၄–၂၀၂၆)** ရက်နေ့တွင် **"မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"** အရ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေက အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်သွားပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၆၇၄)**
**အမှတ်(၁၁၅)၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၈၀၀၅၄၀၆၀**

---

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ သန္တာလမ်း၊ အမှတ်(၆၄) နေ ဦးစိုးသိန်း (ဘ) ဦးလှ၊ [၁၂/တမန(နိုင်)၀၂၆၃၆၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၅၂/ဂ၊ မင်းဘောစမ်းကွင်း၊ မြေကွက်အမှတ်–၂၁၊ မြေအမျိုးအစား ၃(ခ) ရရှိပြီး ဦးစိုးသိန်းအမည်ပေါက် မြေဧရိယာ(၁.၆၈)ဧကနှင့် ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ(၀.၆၂)ဧက၊ ဦးပိုင်အမှတ်–၂၃၊ မြေဧရိယာ(၀.၆၈)ဧက၊ ဦးပိုင်အမှတ်(၂၅)၊ မြေဧရိယာ(၄.၂၄)ဧက၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ(၁.၁)ဧကရှိမြေမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ကျွန်ုပ်မိတ်ဆွေ ဦးစိုးသိန်း အမည်ပေါက် မြေအပါအဝင် စုစုပေါင်းဧရိယာ(၃၂.၀၅)ဧကကို ကျွန်ုပ်မိတ်ဆွေ ဦးစိုးသိန်းမှ ဦးစိုးတင့်ထံသို့ ရောင်းချရန် သဘောတူပြီး စရန်ငွေပေးကတိစာချုပ်ချုပ်ဆိုထားသော မြေများဖြစ်ပါသည်။

စရန်ငွေပေးချေထားသည့် ကာလအတွင်း ဦးစိုးတင့်၏ စေခိုင်းချက်အရ ကျွန်ုပ်မိတ်ဆွေ ကာရံထားသည့် ခြံစည်းရိုးတံခါးသော့များအားဖျက်ဆီး၍ မြေကွက်အတွင်း ဥပဒေမဲ့ဝင်ရောက်ခြင်းများပြုလုပ်ခဲ့ရာ ကျွန်ုပ်မိတ်ဆွေမှ ဦးစိုးတင့်အပေါ် မိတ်ဆွေရင်းချာခင်မင်မှုအရ အမှုဖွင့်တိုင်ကြားခြင်းမပြုခဲ့ပါ သို့သော် နောက်ထပ်ဥပဒေမဲ့ သော့များအား ဖျက်ဆီးခြင်း၊ ကျူးကျော်ဝင်ရောက်မှုများ ပြုလုပ်မည်ဆိုပါက ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေရောင်းချထားသည့် မြေကွက်အတွင်း ဝင်ရောက်လိုပါက ဦးစိုးတင့်မှ ဦးစိုးသိန်းထံ ပေးရန်ကျန်သည့် ရောင်းဖိုးငွေများ ပေးချေပြီးမှသာ မြေကွက်ဝယ်ယူသူ ဦးစိုးတင့်ထံ ကျွန်ုပ်မိတ်ဆွေက မြေကွက်များအား လက်ရောက်လွှဲပြောင်းပေးအပ်ပြီးမှသာ မြေကွက်အတွင်း ဝင်ရောက်ခြင်းပြုလုပ်ပါရန် ကြေညာအပ်ပါသည်။

ဦးစိုးသိန်းထံကျန်ငွေများပေးချေခြင်းမပြုမီ ဦးစိုးတင့်အနေဖြင့် အခြားသူများထံ မြေကွက်များအား လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ကျန်ငွေပေးချေခြင်းမရှိဘဲ ဦးစိုးတင့်မှ မြေကွက်များအား ထပ်ဆင့်လွှဲပြောင်းရောင်းချခြင်းများအပေါ် ကန့်ကွက်ကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မဉ္ဇူအေးသိန်း (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၂၂၅၇)**
**မမ–၃၂၄ ၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**၀၉–၅၀၄၁၄၈၃ ၊ ၀၉–၄၃၀၂၃၃၂၁**

---

## အပြောင်းအလဲများစွာပြုလုပ်မည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်း နည်းပြချုပ်သစ် စတင်ခေါ်ယူ

ရန်ကုန် ဧပြီ ၆

မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်းသည် လာမည့်ရာသီအတွက် အပြောင်းအလဲများစွာ ပြုလုပ်မည်ဖြစ်ပြီး နည်းပြချုပ်သစ် စတင်ခေါ်ယူခန့်အပ်ခဲ့သည်။

ရတနာပုံအသင်းသည် အသင်းပိုင်ရှင်သစ်ပြောင်းလဲထားပြီး ရာသီသစ်အတွက် ပထမဆုံးခေါ်ယူမှုအဖြစ် နည်းပြချုပ်သစ် စတင်ခေါ်ယူခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် မြန်မာနေရှင်နယ်လိဂ် အတွေ့အကြုံရှိသည့် ဦးမင်းထွန်းလင်းကို နည်းပြချုပ်အဖြစ် ခေါ်ယူခန့်အပ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ဆက်လက်ခေါ်ယူမည်ဖြစ်သည်။ ဦးမင်းထွန်းလင်းသည် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများဖြစ်သည့် ချင်းယူနိုက်တက်၊ ဇွဲကပင်ယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်၊ ရခိုင်ယူနိုက်တက် အသင်းတို့ကို ကိုင်တွယ်ခဲ့သူဖြစ်သည်။

### ချန်ပီယံဆုရယူနိုင်ခဲ့

ရတနာပုံအသင်းသည် မြန်မာနေရှင်နယ်လိဂ်စတင်ကတည်းက တည်ထောင်ခဲ့သည့် အသင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် အောင်မြင်မှုများ ရယူနိုင်ခဲ့သော်လည်း ၂၀၁၆ ရာသီ MNL ပြိုင်ပွဲတွင် ချန်ပီယံဆုရယူပြီးနောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာနေခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် MNL အမှတ်ပေးချန်ပီယံဆု လေးကြိမ်ရထားပြီး ပြည်ပအောင်မြင်မှုအဖြစ် AFC President's Cup ပြိုင်ပွဲတွင် ၂၀၁၁ ခုနှစ်၌ ချန်ပီယံဆု ရယူနိုင်ခဲ့သည်။




သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – YDNB FC

---

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးညိုစောအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် မုန်းဝန်းဗမာတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ချုပ်က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်(၁၃)၊ စက်မှုလယ်ယာ(၂)လမ်း၊ မြေကွက်အမှတ်(၁၁)ဦးအေးဝင်း(DF-995733)၊ (1383/စက်/လယ်)ဂရန်မူရင်း အမည်ပေါက်(၄၀x၆၀)မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော(၁၀x၆၀)ပေ မြေကွက်နှင့် နေအိမ်အပါအဝင် ယင်းနေအိမ်၌ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်မြေပေါ်၊ မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ၎င်းမှလက်ရှိ လက်ဝယ်၊ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ် အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးဇော်လွင်ဦး+ဒေါ်မျိုးသန္တာလွင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးနန္ဒာကျော်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးနန္ဒာကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## "အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ဝေဘာဂီ)၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ မြေကွက်အမှတ်-၃၉၊ အကျယ်အဝန်း(၃၀ x ၅၀)ပေ၊ နှစ် (၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ခင်မြင့် (AB-၀၀၇၉၁၀) [၁၂/ဥကမ(နိုင်)၁၁၁၃၁၉]အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသည့်(ခေါင်းရင်းခြမ်း) အကျယ်အဝန်း(၂၀ x ၅၀)ပေ မြေကွက်အား ယခုရောင်းချသူ ၁။ဦးမျိုးနိုင်ဦး [၉/ညဥန(နိုင်)၂၂၄၆၈၄]၊ ၂။ဒေါ်ကြည်ဌေး [၉/ညဥန(နိုင်)၂၂၄၇၃၂] က ယင်းမြေကွက်အား လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို (LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**အမှတ်-၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/ မြို့မအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၂၃၉၁၉)ကိုအမည်ပေါက် ဦးခင်မောင်အေး(ဘ) ဦးဘသန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၆/ထဝန(နိုင်)၀၄၅၈၅၆] ၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုပိုင်ဆိုင်သူ ဒေါ်တင်မြင့်(ဘ) ဦးစံရီ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၆/ထဝန(နိုင်)၀၄၅၈၁၆] မှ မြေငှားစာချုပ်အမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း(မိတ္တူ)၊ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၉/၂၀၁၅)၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ မြေပြင်အခြေအနေပြ ဓာတ်ပုံတို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်မ ဒေါ်တင်တင်အေး [၁၀/မဒန(နိုင်)၁၃၅၁၀၀] ၏ ဖခင်အမည်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းနှင့် ဥပဒေဘွဲ့လက်မှတ်မူရင်းတို့တွင် ကျွန်မ၏ ဖခင် အမည်ကို ဦးထွန်းအောင်ကျော်ဟု ဖော်ပြထား၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းတွင် ကျွန်မ၏ ဖခင်အမည်ကို ဦးထွန်းအောင် ဟုဖော်ပြထား သော်လည်း အမှန်တကယ် အမည် (၂) မျိုးဖြင့် လူတစ်ဦးတည်းသာလျှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် (၁၁၇/ဘီ)၊ (၈) ထပ်တိုက်၏ (၇)လွှာ၊ ခြေရင်းခြမ်း၊ အကျယ်အဝန်း (၁၂ ၁/၂ x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌေးအောင် [၁၂/စခန(နိုင်)၀၄၂၉၈၆] မှ လက်ရှိထားပိုင်ဆိုင်ခဲ့ပြီး၊ (၃-၄-၂၀၂၆) မှစ၍ သမီးဖြစ်သူ မခိုင်စုလင်း [၁၂/စခန(နိုင်)၀၆၃၇၂၀]အား မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ အထက်ပါကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သန္တာဝင်း** | **ဒေါ်ရီရီလွင်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၅၂၆၆)** | **(စဉ်-၂၀၀၁၈)** |

**အမှတ် (၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၈၁၇၇၇၅၂၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀

| | | |
|---|---|---|
| ဦးကိုကိုနိုင် | နှင့် | ၁။ ဒေါ်ကြည်လှိုင် |
| | | ၂။ ဦးစိုးဝင်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်-၈၁၇ နေ (၁)တရားပြိုင် ဒေါ်ကြည်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိအတိုင်းတရားဝင်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ၂၃ ရက်၊ (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း၈ ရက်) နေ့ မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ဝင်ငွေခွန်ကြေညာလွှာ/လစာနှစ်ချုပ်စာရင်း/နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ အခွန်ထမ်းမှတ်ပုံတင်ရန် (e-Registration Button) မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းသစ်တစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့်ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံအဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို www.ird.gov.mm တွင် လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုး တင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့်ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန် ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏လက်မှတ်မှတ်တမ်း (မူရင်း) ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (အင်္ဂါနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ် ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလ အထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်း ရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်တွင် စက်သုံးဆီဖူလုံမှုအနေဖြင့် ဓာတ်ဆီ ရက် ၄၀ နှင့် ဒီဇယ် ရက် ၅၀ ခန့်ရှိပြီး မေလအတွင်း သင်္ဘော ၂၆ စင်း ထပ်မံတင်သွင်းရန် စီမံထားရှိ

## စက်သုံးဆီများ ဖြန့်ဖြူးရောင်းချပေးနေသည့်အခြေအနေ အသိပေးထုတ်ပြန်ခြင်း

နေပြည်တော် မေ ၆

နိုင်ငံတော်၏ စွမ်းအင်သုံးစွဲမှုတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဓာတ်ငွေ့ရည်(LPG) စသည့် ရေနံထွက်ပစ္စည်းများသည် ၂၉ ရာခိုင်နှုန်းပါဝင်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိက အသုံးပြုလျက်ရှိပါသည်။

သယ်ယူ ပို့ဆောင်ရေးကဏ္ဍတွင် သုံးစွဲနေသည့် ဓာတ်ဆီ၊ ဒီဇယ်ဆီများ၏ ၉၇ ရာခိုင်နှုန်းသည် ပြည်ပမှ ဝယ်ယူတင်သွင်းနေရခြင်း ဖြစ်သည့်အတွက် ယခုကဲ့သို့ ကမ္ဘာတစ်ဝန်း စက်သုံးဆီအခက်အခဲများဖြစ်ပေါ်လာချိန်တွင် ဝယ်ယူတင်သွင်းမှုကို အားပြုနေရသည့် မိမိတို့ကဲ့သို့

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍




# အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်တွင် လီဒ်စ်ယူနိုက်တက်နဲ့ ချယ်လ်ဆီး၊ မန်စီးတီးနဲ့ ဆောက်သမ်တန် ထိပ်တိုက်တွေ့ဆုံနေ

အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ လီဒ်စ်ယူနိုက်တက်အသင်းနဲ့ ချယ်လ်ဆီးအသင်း၊ မန်စီးတီးအသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✣

# တပ်မတော်စစ်ကြောင်းများက PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အင်တိုင်းကျေးရွာတို့အား ပြန်လည်သိမ်းပိုက်ရရှိ၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက အဆိုပါဓာတ်အားပေးစက်ရုံနှင့် အင်တိုင်းကျေးရွာတို့အား မီးရှို့ဖျက်ဆီးပြီး ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့




နေပြည်တော် မေ ၆

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းတံတားများ တည်ဆောက်ပေးခြင်း၊ ဆည်မြောင်းတာတမံများ တူးဖော်ပေးခြင်း၊ မီးမရရှိသည့်ဒေသများတွင် လျှပ်စစ်မီးများရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို ဘက်ပေါင်းစုံမှ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုရှေးရှု၍ အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများ၊ ဆည်မြောင်းတာတမံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထု၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံနှင့် ပတ်ဝန်းကျင်ကျေးရွာများအား ယာယီစိုးမိုးထားပြီး အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✰

တပ်မတော်စစ်ကြောင်းများက သဖန်းဆိပ်ဆည်နှင့် အင်တိုင်းကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

# အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်းအရေးနိမ့်

နေပြည်တော် မေ ၆

၂၀၂၆ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို မေ ၆ ရက်က ထိုင်းနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် နာမည်ကြီး ဗီယက်နမ်အသင်းနှင့်တွေ့ဆုံရာ လေးဂိုးပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးထပ်ပေးရကာ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ လူငယ်ကစားသမားများဖြင့်

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂

## ယနေ့ ဖတ်စရာ

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ် စာမျက်နှာ » ၁၁

မြန်မာ့နွေအပူဒဏ်အန္တရာယ်နှင့် ဘက်စုံကာကွယ်ရေး ဆောင်းပါး စာမျက်နှာ » ၁၂

တပ်ကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၈၀၀ တန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ စာမျက်နှာ » ၁၅